www.burmeseclassic.com

# ဈေးကွက်စီးပွားရေးစနစ်
နှင့်
# စီးပွားရေးပေါ်လစီ

BURMESE CLASSIC .com





ဒေါက်တာအောင်ကိုကို
(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)

www.burmeseclassic.com

www.burmeseclassic.com



ယနေ့မြန်မာနိုင်ငံသည် ၁၉၈၈ခုနှစ် မှစ၍ ဈေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲလာနေခဲ့သည်မှာအနှစ်(၂၀) နီးပါးရှိလာခဲ့သော်လည်း ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင် စွာ ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရပါသည်။ တစ်ခါတစ်ရံ ကုန်ဈေးနှုန်းတက်ခြင်း မှာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကြောင်းအ ရင်းဟု ထင်မြင်ယူဆသူများလည်းမနည်းလှပေ။ ဈေးကွက်စီးပွားရေးမှာ ယေဘုယျအားဖြင့် ဈေး ကွက်ယန္တရားကြီးပေါ်တွင် တည်မှီနေပြီး စီးပွား ရေးပေါ်လစီများက ယင်းဈေးကွက်ယန္တရားကြီး ၏ Market Failure မဖြစ်စေရန် ပံ့ပိုးရပါသည်။ မြန်မာနိုင်ငံတွင် ကုန်ဈေးနှုန်းဆိုသည်မှာ အဓိက ကျသော ကုန်စည်များ Staple Products, Consumption goods များ၏ အတက်အကျတွင် မူတည်ပြီး အခြားခြားသော ကုန်စည်နှင့်ဝန်ဆောင် မှု တန်ဖိုးများပါ ရောထွေးတက်လေ သို့မဟုတ် ကျလေရှိသဖြင့် Policy Failure ကြောင့် Market Failure မဖြစ်စေရန် အထူး သတိပြုပြီး ဆောင်ရွက်ရပါမည်။ မှန်ကန်သော စီးပွားရေး ပေါ်လစီများ လိုအပ်ပါလိမ့်မည်။ သို့ပါက မသမာသော ပုဂ္ဂလိကလုပ်ငန်းရှင်များက မတရားအမြတ် ထုတ်ယူလိုသော ဆန္ဒရှိလျှင်လည်း ကုန်ဈေးနှုန်းပေါ်တွင် များစွာသက်ရောက်မှု မပေးနိုင်ပါ။ နိုင်ငံတွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေး စသည်တို့ကို အချိန်တိုအတွင်း လိုအပ် ချက်အတိုင်း မပြောင်းလဲနိုင်လင့်ကစား၊ နိုင်ငံ၏စီးပွားရေး ကောင်းမွန်လျှင် ကောင်း မွန်သလို ယင်းကဏ္ဍများကို



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုကောင်းမွန်အောင်၊ ပိုမို လျင်မြန်သော အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ပါသည်။ စီးပွားရေးကောင်းရန်ဆို သည်မှာ ထုတ်ကုန်ပို့ကုန်များများ ထုတ်လုပ်၊ တင်ပို့နိုင် ခြင်း၊ ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ ရယူ၊ ရင်းနှီးနိုင်ခြင်း ဝင်ငွေပြန်လည် ခွဲဝေပေး နိုင်ခြင်း (Income Redisribution) ပညာရေးနှင့် နည်းပညာများ မြှင့်တင်ပေးခြင်း၊ နိုင်ငံတော်၏ ဌာန တစ်ခုနှင့်တစ်ခုအကြား ပူးပေါင်း ဆောင် ရွက်မှုများ (Cooperation and Co.ordiration)ရှိမှုတို့ လိုအပ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံအနေဖြင့် အထွေထွေကုန်ဈေးနှုန်း မတည်ငြိမ်ခြင်း (သို့) အထွေထွေကုန်ဈေးနှုန်းများ မြင့်တက် ခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ပြဿနာများသည် မြန်မာ့လူဘောင် အဖွဲ့အစည်းတစ်ခုလုံး၏ ပြဿနာဖြစ်နေပါသည်။ ထို့ကြောင့် Price Stabilization (ကုန်ဈေးနှုန်း တည်ငြိမ်ရေး)ကို ဦးတည်သော စီးပွားရေးပေါ်လစီများကို ဆောင်ရွက်ရန် လိုပါသည်။ စီးပွားရေးပေါ်လစီကို အထောင်အထည်ဖော်သော ဌာနဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့် စီးပွားရေး ပညာသီအိုရီသာမက လက်တွေ့ရင်ဆိုင်နေရသော အခြေအခြင်းခြင်းရာများကို ကောင်းစွာ သဘော ပေါက်နားလည်ဖို့ လိုမည်ဟုလည်း ထင်မိပါသည်။ ယနေ့ ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများ၊ ကမ္ဘာ့ ဘဏ် (World Bank)၊ OECD နိုင်ငံများ၊ EU နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသော A.G.E (Applied General Equilibrium) (သို့) CGE (Computable General Equilibrium) Method



(နည်းလမ်းများ) model များကို အသုံးပြုပြီးနိုင်ငံ၏ စီးပွားရေးပေါ်လစီ၏ ပြောင်းလဲမှုကို တိုင်းတာ သိရှိနိုင်ပါသည်။ CGE Model များကို နိုင်ငံတစ်ခု၏ စီးပွားရေး တိုးတက်ကောင်းမွန်မှု၊ လက်ရှိကျင့်သုံးနေသော စီးပွားရေးပေါ်လစီများ (Fiscal Policy, Trade Policy, Environmental Policy, Labor Policy, စသဖြင့်) များ၏ ပြောင်းလဲသုံးစွဲခြင်းနှင့် အစားထိုးခြင်းဖြင့် ဖြစ်ပေါ်လာမည့် ကောင်းကျိုး ဆိုးကျိုးရလဒ်များ ကို တိုင်းတာရာတွင် အသုံးဝင်ပါသည်။ စီးပွားရေးပေါ်လစီများကို လက်တွေ့ကျကျ၊ ကိန်းဂဏန်းများဖြင့် အဖြေ ရှာခြင်းလည်း ဖြစ်ပါသည်။

သို့မှသာ၊ နိုင်ငံ၏စီးပွားရေး အခြေ အနေများ၊ နောင်အနာဂတ်တွင် ဖြစ်လာမည့် စီးပွားရေးရလဒ်များကို ကြိုတင်ခန့်မှန်းနိုင်ပါလိမ့်မည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ပြည်ပနိုင်ငံအချို့၏ ပိတ်ဆို့မှုများ၊ ဒဏ်ခတ်မှုများ ဆက်လက်ရှိနေခြင်း၊ ပြည်တွင်းကုန်ဈေးနှုန်းမှာလည်း မတည်ငြိမ်သောကြောင့် လူတစ်ဦးစီ၏ အမှန်ဝင်ငွေ (Real Income) အား သက်ရောက်မှုရှိခြင်း၊ ပြည်ပမှအရင်းအနှီးနှင့် နည်းပညာများ ဝင်ရောက်မှု (တစ်နည်းအားဖြင့် ပြည်တွင်းသို့စီး ဆင်းမှု) များမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်း ယှဉ်လျှင် မပြောပလောက်အောင်နည်းပါးနေ သေးခြင်း၊ ကုန်ထုတ်လုပ်မှုတွင် မရှိမဖြစ်အရေးပါသည့် လျှပ်စစ်ဓာတ်အား အပြည့်အဝမထုတ် လုပ်နိုင်သေးခြင်းစသည့် အားနည်းချက်များရှိ နေသေးသို့၊

www.burmeseclassic.com

www.burmeseclassic.com



သဘာဝဓာတ်ငွေ့ ပိုမိုတွေ့ရှိ ထုတ်လုပ်နိုင်လာခြင်း၊ ပထဝီအနေအထားအရ အရှေ့တောင်အာရှနိုင်ငံများ (နိုင်ငံ၁၀ နိုင်ငံအဖွဲ့ဝင်)နှင့် အရှေ့အာရှနိုင်ငံများ၊ (တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံ) အနောက်ဘက်တွင်အိန္ဒိယ ဘင်္ဂလားဒေ့ရှ်စသော နိုင်ငံများနှင့် ဆက်စပ်နေခြင်း စသည့် အားသာချက်များ ရှိနေပါသည်။ ထွက်ကုန်ပိုမိုထွက်ရှိရေး (Productivity)၊ ပို့ကုန် အမျိုးအမည်များစွာ တင်ပို့နိုင်ရေး၊ (Capital) မြင့်မားရေးကို အစွမ်းကုန်အားထုတ်သင့်ပါသည်။ ငွေစက္ကူများ၏စက္ကူအရည်အသွေးကိုလည်းပိုမိုကောင်းမွန်ခိုင်ခံ့သော စက္ကူဖြင့်အစားထိုးသင့်ပါသည်။ ရေတိုတွင် ယင်းထုတ်လုပ်မှုစရိတ်က ယင်းငွေစက္ကူ၏ တန်ဖိုးကိုကျော်လွန်နိုင်သော် လည်း၊ ရေရှည်တွင် စီးပွားရေးတိုးတက်မှုတွင် လည်းအနည်းအများ အထောက်အကူပြုပါလိမ့်မည်။ ကျွန်တော်တို့နိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍ (Manufacturing Sector) မှာ အလွန်အားနည်းနေသေးပါသည်။ လွယ်လွယ်ကူကူ ဥပမာ တစ်ခုပြရလျှင် ယောက်ျား၊ မိန်းမသုံး ပိုက်ဆံအိတ် (သာမန်လူတန်းစားသုံး) မှစ၍ ပြည်ပမှထုတ် လုပ်သည့်ပစ္စည်းက အများစုဖြစ်နေပါသည်။ ထို့ကြောင့် ပြည်တွင်းတွင် Industy တစ်ခုကို တည်ထောင်လျှင် လည်းကောင်း၊ စီးပွားရေး ဆွဲဆောင်မှု ( Economic Incentive) တစ်ခုကို ဖန်တီးလျှင်လည်းကောင်း ပြည်တွင်းရှိ ထုတ်လုပ်မှုစွမ်းအားမှာ အင်အားမရှိသဖြင့် နောက်ဆက်တွဲ ရရှိလာသည့် စီးပွားရေးအကျိုးကျေးဇူးများ (Economic Effects) ကို





ခံစားရမှုမှာ နည်းပါးလှပါသည်။ ဤတွင် ဥပမာ- တစ်ခုပေးလိုပါသည်။ ဂျပန်နိုင်ငံတွင် Hanshin Tigers (ဂျပန်နိုင်ငံအနောက်ပိုင်း၊ အထူး သဖြင့် အိုဆာကာ၊ ကိုဘေး၊ ဝါကာယာမမှ ပရိ သတ်များ၏ အားပေးမှုကို ရရှိသည့် Baseball အသင်း)နှင့် Giants (Kyojin) (ဂျပန်နိုင်ငံ အရှေ့ ပိုင်း အထူးသဖြင့်၊ တိုကျိုမှ ပရိသတ်များ၏အား ပေးမှုကို ရရှိသည့် Baseball အသင်း)ကြီး နှစ်သင်း၏အနိုင်အရှုံးသည် မိမိအသင်း၏ဒေသ၏ စီးပွားရေး အကျိုးကျေးဇူးများ (Economic Effet) (ဂျပန်ဘာသာဖြင့် Keizai KouKa ) ကို ဖြစ်ထွန်းစေပါသည်။ ဆိုလိုသည်မှာ အောင်နိုင်သော အသင်း၏ အမှတ်တံဆိပ်ပါ ပစ္စည်းများကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ထုတ်လုပ်ခြင်းမှ ရရှိသော စီးပွားရေး အကျိုးကျေးဇူးကိုဆိုလိုပါသည်။ ကျွန်တော်တို့နိုင်ငံတွင် နှစ်စဉ်ကျင်းပလေ့ရှိသော မဟာသင်္ကြန်ပွဲတော်၊ သီတင်းကျွတ်ပွဲတော်စသည့် ပွဲတော်များတွင် ကျွန်တော်တို့နိုင်ငံနှင့် နိုင်ငံ သားတို့အတွက် စီးပွားရေးအကျိုးကျေးဇူးများ ဖြစ်ထွန်းလာအောင်၊ မိမိလူမျိုးတို့အနေဖြင့် ဖန်တီးယူတတ်အောင်၊ ဖန်တီးယူနိုင်အောင် နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးကြိုးစားကြရပါလိမ့်မည်။ ပိုမို၍ပြောရလျှင် ပြည်တွင်းနှင့်ပြည် ပနိုင်ငံများ၏ လိုအပ်ချက်များကို သိရှိပြီး ယင်းလိုအပ်ချက်များကို ထုတ်လုပ်ပေးနိုင်သောပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ယင်းထုတ်လုပ်မှုစနစ်ကိုဖန်တီး အထောက်အကူပြုသော နိုင်ငံတော်စီးပွားရေး စနစ်ယန္တရားနှင့် စီးပွားရေးပေါ်လစီများ၊ အရည်



www.burmeseclassic.com

www.burmeseclassic.com



အသွေးမြင့်မားသော နိုင်ငံသားများရှိနေပါလျှင် စီးပွားရေးပိတ်ဆို့မှုများ၊ ဒဏ်ခတ်မှုများနှင့်စီးပွားရေးမတည်ငြိမ်မှုများကို ရှောင်လွှဲနိုင်ပါလိမ့်မည်။

**Ecovision**
**Vol: 1 No. 24**

~~~~~~~~~~~~~~~~~~~~

ထက်ဝေယံ စာပေ

BURMESE CLASSIC .com

**A Nation's Economy And Economic Policy**

# နိုင်ငံစီးပွားရေးနှင့် စီးပွားရေးပေါ်လစီ

ထက်ဝေယံ စာပေ

www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံကို တိုး တက်စေလိုသော ဆန္ဒအနည်းအများ ရှိသော်လည်း ယင်းဆန္ဒအတိုင်းဖြစ်မြောက်စေရန် လုပ်ဆောင်နိုင်သော (လုပ်ဆောင်နေသောနိုင်ငံမှာ) အနည်းစုသာဖြစ်သည်။

စီးပွားရေးပညာ သီအိုရီအရဆိုလျှင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြေ (land)၊ လုပ် သားအင်အား (Labor)၊ အရင်းအနှီး (Capital)၊ နည်းပညာ (Technology) စသည်နှင့် စွမ်း အင် (Energy) စသည်တို့က အထောက်အကူ ပြုသည်။ ယင်းတို့ကို တစ်နည်းအားဖြင့် Factor Endowments of Productivity (ကုန်ထုတ် စွမ်းအားစုများ) ဟုလည်းခေါ်သည်။

ယေဘုယျအားဖြင့် ဤစွမ်းအားစု များမြင့်မားလာစေရန်၊ တိုးပွားလာစေရန်နှင့် အသုံးဝင်မှုမြင့်မားလာစေသော စီးပွားရေးသီအိုရီများနှင့် စီးပွားရေး ပေါ်လစီများ လိုအပ်သည်။

ကမ္ဘာ့လူဦးရေသည် တစ်နှစ်ထက် တစ်နှစ် မြင့်တက်လာခြင်း ကြောင့် စားကုန်သုံးကုန်အပေါ်တွင် လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန် ကုန်ထုတ်လုပ်မှု စွမ်းအားစုများ အချိုးကျကျ အကျိုးရှိစွာသုံးစွဲရန်နှင့် ပတ်သက်၍နိုင်ငံအများ ရင်ဆိုင်နေရသည်။

စီးပွားရေး သီအိုရီများအရ နိုင်ငံတစ်ခု၏ လူဦးရေတိုးတက်ပါက (တစ်နည်းအားဖြင့် မွေးနှုန်းက သေနှုန်းထက်များလျှင်) လုပ်သားအင်အား



www.burmeseclassic.com

www.burmeseclassic.com

တိုးတက်လာနိုင်သည်။ လုပ်သားသွင်းအားစုများ(Labou Inputs) တိုးလျှင် ထုတ်လုပ်မှုတိုးမည်။ အလားတူပင် အခြားသော အရင်းအမြစ်များဖြစ်သော အရင်းအနှီး (Capital) နှင့် နည်းပညာများ (Technology) တိုးတက်မြင့်မားလာလျှင် ထုတ်လုပ်မှုတိုးမည်ဟု ပြောနိုင်သည်။

သို့သော် ယင်းကုန်ထုတ်စွမ်းအားစု များကို မည်ကဲ့သို့ အကျိုးရှိဆုံးဖြစ်အောင်အသုံးချမည်ဆိုသည်က အဓိကဖြစ်သည်။ သဘာဝ သယံဇာတများ (Natural Resources)ကို အားထားလွန်းပြီး၊ စီးပွားရေးနှင့်အခြားသော ကုန်ထုတ်စွမ်းအားစုများအပေါ် အာရုံစူးစိုက်မှုလျော့ နည်းသွားတတ်သည်။ သဘာဝ သယံဇာတရှိခြင်းဆိုသည်တွင်လည်း ရေနံ(သို့) ရွှေကို ဖောဖောသီသီ ထုတ်လုပ်နိုင်သောနိုင်ငံဖြစ်ပါက မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် များစွာ အားထားရသော်လည်း၊ သယံဇာတဆိုသည်မှာလည်း အကန့်အသတ်ရှိနေခြင်း (Limited) သဘော၊ တစ်နည်းအားဖြင့် သယံဇာတများစွာမှာ တစ်ချိန်ချိန်တွင် ကုန်ဆုံးသွားတတ်ခြင်း၊ အစားထိုးကုန်ကြမ်းများ ပေါ်ထွက်လာခြင်းစသည့် အခြေအနေများ ရှိနိုင်သည်။ ယင်းသယံဇာတများကို ထုတ်လုပ် ရောင်းချမှုမှ ရရှိသော အကျိုးအမြတ်များကိုပြန်လည်ရင်းနှီးမြှုပ်နှံမှုများနှင့် မိမိနိုင်ငံ၏ ကုန်ထုတ်လုပ်မှု စွမ်းအားမြင့်မားလာရေး၊ လူနေမှုအဆင့် မြင့်မားလာရေး စသည်တို့တွင် ပြန်လည်ခွဲဝေအသုံးချရန် လိုအပ်သည်။



ယခုအခါတွင် ကမ္ဘာ့နိုင်ငံများ (ကွန်မြူနစ်နိုင်ငံများဖြစ်ခဲ့သော ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ)နိုင်ငံတို့သည် ဈေးကွက် စီးပွားရေးစနစ်ကို အခြေခံသော စီးပွားရေးစနစ်ကို ကျင့်သုံးနေကြရာ မိမိနိုင်ငံ၏ ကုန်ထုတ် စွမ်းအားစုများကို ပိုမိုထုတ်လုပ်မှုစွမ်းရည် မြင့်မားလာစေရန်၊ နိုင်ငံရေး၊ ပညာရေး၊ ကုန်သွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေး အစရှိသည့် အထောက်အပံ့ပြုစေသော ကဏ္ဍရပ်များကို အသုံးချ နေသည်ကို တွေ့နိုင်ပါသည်။ စက်မှုဖွံ့ဖြိုးပြီး လူနေမှုဘဝ အဆင့်အတန်း မြင့်မားသော နိုင်ငံအဖြစ်သို့ ကြိုးပမ်းနေကြခြင်းဖြစ်သည်။ ယင်းတို့ ထဲတွင် နိုင်ငံအချို့သည် မိမိတို့နိုင်ငံ၏ မြေဧရိယာ မကျယ်ဝန်းသော်လည်း၊ သယံဇာတ မရှိသော် လည်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ သည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် အာရှ တွင် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ စင်ကာပူ စသည့်နိုင်ငံများ ဖြစ်သည်။

ဤသို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားရန် လုပ်ဆောင်နိုင်သော နိုင်ငံများသည် သင့်လျော်သော စီးပွား ရေးပေါ်လစီများကို ကျင့်သုံးနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်ကိုတွေ့ရပြီး အချို့နိုင်ငံများမှာ သင့်လျော်သောစီးပွားရေးပေါ်လစီများကို မကျင့်သုံးခဲ့ခြင်းကြောင့် စီးပွားရေးတိုးတက်မှုသည် နှစ်ပေါင်းများစွာ နောက်သို့ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားခဲ့ရသည်။

ထို့ကြောင့် ကမ္ဘာကျော် စီးပွားရေးပညာရှင် Milton Friedman က နိုင်ငံအားလုံးသည် စီးပွားရေးပေါ်လစီနှင့် မပတ်သက်၍မရ၊ ယင်းနိုင်ငံတို့၏ အစိုးရများသည် စီးပွားရေးပေါ်လစီ ၏ရလဒ်အပေါ်တွင် တည်မှီနေသည်ဟု ဆိုခဲ့ပေသည်။

နောက်ဆုံးဥပမာတစ်ခုမှာ တောင်ကိုရီးယားနိုင်ငံသည် သင့်တော်သော စီးပွားရေးပေါ်လစီများနှင့် ၁၉၆၀ ခုနှစ်မှ ၁၉၉၀ ခုနှစ် ကာလအတွင်း လူတစ်ဦး၏ ဝင်ငွေကို ၇ဆခန့် မြင့်မားအောင်လုပ်နိုင်ခဲ့သော်လည်း ဇမ်ဘီယာ နိုင်ငံသည် သင့်တော်သော စီးပွားရေးပေါ်လစီ များမသုံးခဲ့ခြင်းကြောင့် ၁၉၉၀ ခုနှစ်၏ လူတစ်ဦးစီဝင်ငွေမှာ ၁၉၆၀ ခုနှစ်ဝင်ငွေထက် ၂၀ရာခိုင်နှုန်း ကျသွားခဲ့သည်။

ကောင်းမွန်သင့်လျော်သော စီးပွား ရေးပေါ်လစီရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် အချိန်ယူရလင့်ကစား၊ မျှော်မှန်းထားသော ရလဒ်ကို ရရှိနိုင်ပါသည်။ မကောင်းမွန်၊ မသင့်လျော်သော (သို့မဟုတ်) မှားယွင်းသော၊ စီးပွားရေးပေါ်လစီကြောင့် ရရှိသောရလဒ်သည် ရသင့်သလောက်မရရှိဘဲ၊ ကုန်ကျစရိတ်သာ အလွန်များပြားသွားတတ်သည်။

ထို့ကြောင့် နိုင်ငံများ၏ ဆင်းရဲခြင်း ချမ်းသာခြင်း (သို့) လူနေမှု





အဆင့်အတန်းမြင့်မားခြင်း၊ နိမ့်ကျခြင်း (သို့) စက်မှုဖွံ့ဖြိုးတိုးတက်ခြင်း၊ မတိုးတက်ခြင်းတို့အပေါ်တွင် စီးပွားရေး ပေါ်လစီသည်များစွာ သက်ရောက်လာနိုင်သည်။ လူတစ်ဦးချင်း၏ GDP မြင့်မားလာမှုသည် နိုင်ငံသားတို့၏ ငတ်မွတ်ဆင်းရဲမှုကို ကယ်တင်ခြင်း၊ သေဆုံးနှုန်းကိုလည်း နိမ့်ကျစေခြင်းကို ဖြစ်စေသောနည်းဖြင့် နိုင်ငံများသည် ဆင်းရဲ သားအလွှာကို နည်းသွားအောင် လုပ်ဆောင်နိုင်သည်။ဆင်းရဲသားအလွှာ လူနေမှုဘဝအဆင့် မြင့်မားစေရန် အတွက် လူတစ်ဦးစီ GDP မြင့်မားလာစေရေး၊ ချမ်းသာသော အလွှာမှ ဝင်ငွေကို ဆင်းရဲသောအလွှာသို့ ပြန်လည်ခွဲဝေပေးရေး (Income Redistribution) ၊ မက်ခရို စီးပွားရေး (macro economcy)ကို မြင့်မားတိုးတက်အောင် လုပ်ဆောင်ပေးနိုင်ခြင်းနှင့်အတူ ဆင်းရဲသားအလွှာ ချမ်းသာသော လူတန်းစားအလွှာ၌ဝင်ငွေကို မြင့်မားပေးစေရေးတို့ကို လုပ်ဆောင်နိုင်သည်။ တိုင်းပြည်၏ မက်ခရိုစီးပွားရေးတိုးတက်စေရန် လုပ်ဆောင်ခြင်းဖြင့် ဆင်းရဲသား အလွှာ နည်းပါးစေခြင်း (Poverty Reduction)အဖြစ် ဆောင်ရွက်နေသော နိုင်ငံများလည်း ရှိသည်။ အချို့ ဆင်းရဲသောနိုင်ငံများသည် ဆင်းရဲခြင်းသံသရာတွင် တဝဲလည်လည်ရှိနေတတ်ပြီး ယင်းနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်တို့တွင် ထပ်မံ၍ ဆင်းရဲဒုက္ခသစ်များကိုပါ ဖြစ်ပေါ်စေသည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆိုသည်မှာ စီးပွားရေးပေါ်လစီ



www.burmeseclassic.com

များသည် မရှိမဖြစ်အရေးပါသည်။

သို့သော် ဤဆင်းရဲပြီး ဖွံ့ဖြိုးဆဲ နိုင်ငံအများစုသည် စီးပွားရေးပေါ်လစီကို မသုံးခြင်း၊ စီးပွားရေးပေါ်လစီကို အဆင်ပြေသလို လုပ်ကိုင်ခြင်း (တစ်နည်းအားဖြင့် အကျိုးအကြောင်းဆက်စပ်မှုကို မစဉ်းစားခြင်း) အရေးကြီး ဦးစားပေးရမည့် အစီအစဉ်များ လွဲမှားနေခြင်း၊ ဌာနတစ်ခုနှင့်တစ်ခု ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ အပြန်အလှန်နားလည်မှု မယူခြင်း၊ Rent Seeking များ၊ ခြစားမှုများကြောင့် စီးပွားရေး ပေါ်လစီများကို ထိထိရောက် ရောက် အောင်အောင်မြင်မြင်မဆောင်ရွက်နိုင်ခြင်း၊ လူတစ်ဦးစီ၏ စီးပွားရေး လွတ်လပ်ခွင့်နှင့် အကျိုးခံစား ခွင့်မတူညီကြခြင်း၊ စသည့် အချက်များကို ရဲဝင့်စွာဖြေရှင်းနိုင်မှသာ စီးပွားရေးပေါ်လစီများသည် ပိုမိုထိရောက်လာ တတ်ပါသည်။

အရှိန်အဟုန်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ များသည်လည်းပဲ ဤအချက်များကို လက်တွေ့ ကျကျ ရဲရဲရင့်ရင့်စွာ ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်ရန် လုပ်ဆောင်နေသောကြောင့် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ (Foreign Direct Investment) ပိုမိုမြင့်မားလာခြင်းဖြင့် စီးပွားရေးကိုလည်း တိုးတက်စေခဲ့ပါသည်။

နိုင်ငံစီးပွားရေးကို တိုးတက်စေရန်အတွက်မူ နိုင်ငံသားတိုင်းတွင်





ကိုယ်စီတာဝန်ရှိသည်။

မိမိတို့ တတ်အားသရွေ့ ကူညီလုပ်ဆောင်ရမည်။ မိမိတို့၏ ပညာ အရည်အချင်း၊ အသိပညာ၊ ဗဟုသုတကို ပိုမိုလေးနက်စေရန် ကြိုးစား သင့်သည်။ အထူးသဖြင့် Social Science ဘာသာရပ်နယ်ပယ်တွင်ရှိသော ကျောင်းသား၊ ကျောင်းသူများသည် ထက်မြက်သော Social Scientist များဖြစ်ရန် လိုအပ်လာပါလိမ့်မည်။ သို့မှသာ စီးပွားရေးပညာနှင့် လူမှုဘဝ အခြေအနေ များကို ပိုမိုနားလည်လာပြီး ပိုမိုပါဝင်ဆောင်ရွက်လာနိုင်ပါလိမ့်မည်။

**Ecovision**
**Vol: 1 No. 34**

~~~~~~~~~~~~~~~~~~~



www.burmeseclassic.com
www.burmeseclassic.com
~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



**(Specific Economic Policy Theory and General Economic Policy Theory)**

# ကဏ္ဍအလိုက်စီးပွားရေးပေါ်လစီ သီအိုရီနှင့်အထွေထွေစီးပွားရေး ပေါ်လစီသီအိုရီ

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးပေါ်လစီအကြောင်းသိစေလိုသော ရည်ရွယ်ချက်ဖြင့် ဂျပန်ဘာသာ၊ ဂျာမန်ဘာသာဖြင့် ရေးသားထားသော စီးပွားရေးပေါ်လစီ စာအုပ်အချို့မှ အကျဉ်းချုံး ရေးသားလိုက်ပါသည်။

စီးပွားရေးပေါ်လစီ (Economic Policy) သီအိုရီသည် အထွေထွေသောပေါ်လစီများကို ပေါင်းစပ်ဖွဲ့စည်းထားသော စီးပွားရေးပေါ်လစီ အတွေးအခေါ် (ဂျာမန်ဘာသာဖြင့် Wirtschaftspollitische konzeption) ဖြစ်ပါသည်။ ဂျာမန်ဘာသာကို အသုံးပြုသော နိုင်ငံအများ အပြားတွင်မူ သာမန်အားဖြင့် Specific Economic Policy Theory နှင့် General Economic Policy Theory ဟူ၍ နှစ်ပိုင်းခွဲခြားထားသည်။

**(၁) Specific Econonmic Policy Theory (ကဏ္ဍအလိုက် စီးပွားရေး ပေါ်လစီသီအိုရီ)။**

လက်တွေ့စီးပွားရေး ပေါ်လစီတွင် ကုန်သွယ်ရေး ပေါ်လစီ၊ အလုပ်သမားပေါ်လစီ၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးပေါ်လစီ၊ Anti-monopoly ပေါ်လစီ စသဖြင့် အမျိုးမျိုးအထွေထွေရှိနေပေရာ၊ စီးပွားရေးပေါ်လစီကိုလိုက်နာကျင့်သုံး အကောင်အထည်ဖော်ရာတွင် ၎င်းတို့ကို ကဏ္ဍအလိုက်ခွဲခြားပြီး အကောင်အထည် ဖော်ခြင်းမျိုးရှိပေသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလုပ်ငန်းကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍဟူ၍ စသဖြင့် ခွဲခြားပြီး လယ်ယာစိုက်ပျိုးရေး ပေါ်လစီ စသဖြင့် ခွဲခြားပါသည်။ ယင်းသို့ခွဲခြားပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ကြရပါသည်။ ကမ္ဘာ့တက္ကသိုလ်များတွင်လည်း ယင်းကဲ့သို့ဆောင်ရွက်မှုများကို သင်ကြားပို့ချမှုများရှိပါသည်။ ဥပမာ- ဂျပန်နိုင်ငံ၏စက်မှုနိုင်ငံထူထောင်ရေးလုပ် ဆောင်ခဲ့ရာတွင် Ministry of International Trade and Industry အတိုကောက် MITI (ဂျပန် အခေါ် Tsusan Sho) မှလုပ်ဆောင်ခဲ့သော Industrial Policy (ဂျပန်အခေါ် Sangyo Seisaku) သည် ကမ္ဘာ့နိုင်ငံအသီးသီး၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံ များကို အားကျစေခဲ့ပါသည်။ ယနေ့ ဖွံ့ဖြိုးတိုးတက်နေသော အာရှနိုင်ငံများသည်လည်းပဲ ထို Sangyo Seisaku ကို နမူနာယူ၍ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ (ကျွန်တော်သည်လည်းပဲ ဂျပန်နိုင်ငံ၏ Sangyo Seisaku နှင့် အနောက်ဂျာမနီနိုင်ငံ၏ (ဂျာမန်ဘာသာဖြင့် (Industrie Politik Industrial Policy)ကို ဂျပန်ဘာသာနှင့် ဂျာမန်ဘာသာဖြင့် လေ့လာခဲ့ရပါသည်) ဤကဲ့သို့ ကဏ္ဍအလိုက်သတ်မှတ် ဦးတည်ချက်များနှင့် အကောင်အထည်ဖော်မှုများကို ကဏ္ဍအသီးသီး၏ ပေါ်လစီအဖြစ်သတ်မှတ်ပါသည်။

**(၂) General Economic Policy Theory (အထွေထွေစီးပွားရေး ပေါ်လစီသီအိုရီ)။**



www.burmeseclassic.com

www.burmeseclassic.com



ဤစီးပွားရေးပေါ်လစီ သီအိုရီသည် အထက်ကကဲ့သို့ ကဏ္ဍအလိုက် သတ်မှတ်ထားသော Policy မဟုတ်ဘဲ၊ မျက်မှောက်ခေတ်လက်ရှိ ကြုံတွေ့နေရသော စီးပွားရေးပြဿနာများ ကိုပါ ချုံ့ပြီးဖြေရှင်းရန် ရည်ရွယ်ကာ ပြဿနာအလိုက် ဆိုင်ရာပေါ်လစီများကို ချမှတ်ရေးဆွဲလေ့ရှိပါသည်။ ဤသို့ရေးဆွဲရာတွင် သေချာ ပြတ်သားသော အခြေခံရည်မှန်းချက်များထား ရှိရပြီး ၎င်းတို့ကို အကောင်အထည်ဖော်မည့် စီးပွားရေးပေါ်လစီကို ရေးဆွဲရပါသည်။ ဥပမာ Anti-trust Policy (Anti-monopoly Policy) Full-employment Policy, Price Stability Policy, Real Income Policy စသည်များ ဖြစ်ပါသည်။ အချိန်ကာလနှင့်အမျှ ပြောင်းလဲနေတတ်သည့် သဘော အလျောက်ခက်ခဲသည့် အသွင်သဏ္ဍာန် ရှိပေတတ်ပြီး၊ မည်သို့ရေးဆွဲ ချမှတ်ရန်မှာ အကောင်အထည်ဖော်မည့် ပေါ်လစီ၏ အခြေခံ တန်ဖိုး သုံးသပ်ချက် (Value Judgement) ပေါ် တွင် မူတည်နေပေမည်။ စီးပွားရေး ပညာရှင် Weber ၏ အဆိုအရမူ 'နိုင်ငံ၏ စီးပွားရေးအ ခြေအနေသည် မည်ကဲ့သို့ ဖြစ်နေသလဲ'၊ 'နိုင်ငံ ၏ စီးပွားရေးအခြေအနေများသည် မည်ကဲ့သို့ ဖြစ်သွားမလဲ' နှင့် 'နိုင်ငံ၏ စီးပွားရေးအခြေအနေများသည် မည်ကဲ့သို့ ဖြစ်သင့်သလဲ' ဆိုသည်ကို သီအိုရီအရ Value Relationship နှင့် လက်တွေ့ကျသော Value Judgement ကို ရှင်းရှင်း လင်းလင်းခွဲခြားရမည်ဖြစ်ပြီး



စီးပွားရေးအခြေအနေများကို ဖြစ်သင့်ဖြစ်ထိုက်အောင် လမ်းညွှန်ပေးရမည် ဖြစ်သည်ဟု ဆိုပေသည်။ သို့ရာတွင် နိုင်ငံ (သို့)စီးပွားရေးစနစ်ပေါ်မူတည်ပြီး ယင်းတို့၏ Value Judagment သည်လည်း ကွဲပြားနိုင်ပေသည်။

ဖွံ့ဖြိုးတိုးတက်ပြီးသောနိုင်ငံများတွင်မူ စီးပွားရေးပေါ်လစီသည် စီးပွားရေးပေါ်လစီကို ကျွမ်းကျင်သော ပညာရှင်များနှင့်သာ ပတ်သက်သည် မဟုတ်ဘဲ၊ နိုင်ငံရေးပါတီများ၏ အပြန်အလှန် Discussion များ၊ Debate များတွင်ပါပတ် သက်သောကြောင့် တီဗီ၊ ရေဒီယိုများမှတစ်ဆင့် ဖော်ပြလေ့ ရှိပါသည်။ စီးပွားရေးပညာရှင်များသည်ကား ယင်းတို့၏ Policy Problems များ ကိုဖြေရှင်းရာတွင် ကူညီဆောင်ရွက်အကြံဉာဏ် ပေးရပါသည်။

မည်သို့ပင်ဖြစ်စေ၊ စီးပွားရေးပေါ်လစီ (Economic Policy) ကိုရေးဆွဲ အကောင်အထည်ဖော်ရာတွင် အခြေခံအားဖြင့် ရှင်းလင်း ပြတ်သားသော စီမံကိန်းရည်ရွယ်ချက်များ၊ အသုံးစရိတ်နည်းနည်းနှင့် အကျိုးနဲ့အမြတ်များ များရရှိစေသော ရည်ရွယ်ချက်များနှင့် ၎င်းတို့ကို ပြီးပြည့်စုံစေမည့် စီမံကိန်း ဆောင်ရွက်မှု နည်းလမ်းများ၊ မဟာဗျူဟာများနှင့် ၎င်းတို့ကို ၎င်းနိုင်ငံ၏ လက်ရှိနှင့် အနာဂတ်မျှော်မှန်းချက်များ၊ Vision များပေါ်မူတည်ကာ ရေးဆွဲ ကြရမည်ဖြစ်ရာ ီးပွားရေးပညာရှင်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါ လှပေသည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာမြင့်မားပြီး လူနေမှု အဆင့်

www.burmeseclassic.com

www.burmeseclassic.com



အတန်းမြင့်မားလာစေရေးတွင် စီးပွားရေးပေါ်လစီသည်များစွာ အထောက်အကူ ဖြစ်စေပါသည်။

Ecovision
Vol: 1 No. 35

~~~~~~~~~~~~~~~~~~~





## (Market Oriented Economi and Division of Labor)

# ဈေးကွက်စီးပွားရေးစနစ်နှင့် အလုပ်ခွဲခြားလုပ်ကိုင်ခြင်း



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



စျေးကွက်စီးပွားရေးစနစ်နှင့် အလုပ် ခွဲခြားလုပ်ကိုင်ခြင်းတို့အကြား အပြန်အလှန်အကျိုးသက်ရောက်ခြင်းရှိမှုနှင့် အပြန်အလှန်အရေးပါမှုတို့ကို သိရှိစေရန် ရည်ရွယ်ပါသည်။

စျေးကွက်စီးပွားရေးစနစ်ဟူသည် ဆိုရှယ်လစ်ဗဟိုဦးစီးချုပ်ကိုင် စီးပွားရေးစနစ်(သို့) ဆိုရှယ်လစ်စနစ်နှင့် မတူဘဲ စျေးကွက်စျေးနှုန်း (Market Price) ပေါ် အခြေခံပြီး ထုတ်လုပ်မှု (Production)၊ စားသုံးမှု (Consumption)၊ တစ်နည်းအားဖြင့် ရောင်းလိုအား (Supply)၊ ဝယ်လိုအား (Demand) ကို ဖြစ်ပေါ်စေသည်။ ဝယ်လိုအားအပိုအလျှံ (Excess Demand) နှင့် ရောင်းလိုအားအပိုအလျှံ (Excess Supply) ကိုလည်း စျေးကွက်စျေးနှုန်းယန္တရား (Market Price Mechanism) မှတစ်ဆင့် လျင်မြန်စွာ ထိန်းညှိပေးခြင်း (Adjustment)ကို လုပ်ဆောင်ပေးသော စီးပွားရေးစနစ် ဖြစ်ပါသည်။

တစ်ချိန်က ဆိုရှယ်လစ် ဗဟိုဦးစီးချုပ်ကိုင်စီးပွားရေးစနစ်ကို နှစ်ရှည်လများ လက်ခံ ကျင့်သုံးခဲ့သော ကမ္ဘာ့ဆိုရှယ်လစ်နိုင်ငံများသည်ပင်လျှင် စျေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲလက်ခံကျင့်သုံးလာကြပါသည်။

စျေးကွက်စီးပွားရေးစနစ်တွင် ထုတ် လုပ်သူများ (Producers)၊ စားသုံးသူများ (Consumers) သည် ရွေးချယ်နိုင်ခွင့် (Options) များမှ တစ်ဆင့် မိမိတို့၏ အကျိုးအမြတ်ကို အကျိုးရှိအောင် ရွေးချယ်နိုင်သည်။





အရင်းရှင်စီးပွားရေးစနစ် ဖြစ်ပေါ်လာမှုသည် အနောက်ဥရောပနိုင်ငံများတွင် ဤသို့အဆင့်ငါးဆင့်ခွဲ၍ လေ့လာနိုင်ပါသည်။

**ပထမအဆင့်အနေဖြင့်** ဥရောပတွင် တစ်ဖက်စောင်းနင်း နိုင်ငံရေးအင်အား (Over-arching Political Power) မရှိစေခဲ့သော ပထဝီနိုင်ငံရေးဖွဲ့စည်းတည်ဆောက်ပုံ (Geopolitical Structure) ကြောင့်ဟု စဉ်းစားနိုင်ပြီး ယင်းကြောင့် **ဒုတိယအဆင့်**ဖြစ်သော အတွေးအခေါ် အယူအဆများ (Idelogy) ၊ စံချိန်စံညွှန်းများ (norms)၊ moral codes နှင့် နိုင်ငံရေးနှင့်ဥပဒေရေးဆိုင်ရာ Institutional laws များ ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်း (evolution) ကို ဖြစ်ပေါ်စေပါသည်။

ယင်းမှထပ်ဆင့်၍ Commercial Institution များ၊ Industrial Organizationများ နှင့် business Practice များကို ဆင့်ကဲဖြစ်စဉ် (evolution) ကို ဖြစ်ပေါ်စေပြီး ယင်းမှာ **တတိယအဆင့်** ဖြစ်ပါသည်။

ဤတတိယဖြစ်စဉ်သည် ထပ်မံ၍ အလုပ်ခွဲခြားလုပ်ကိုင်ခြင်း (Division of labor) နှင့် စီးပွားရေး ဖွဲ့စည်းတည်ဆောက်ပုံ (Economic Structure) စသည်တို့၏ ဆင့်ကဲပြောင်းလဲမှု (evolution) ကို အဆုံးအဖြတ်ပေးပြီး ဤသည်မှာ **စတုတ္ထဖြစ်စဉ်အဆင့်** ဖြစ်လာပါသည်။

ဤစတုတ္ထဖြစ်စဉ်အချက်သည် ထုတ်လုပ်မှု (Aggregate Productiv-



www.burmeseclassic.com

www.burmeseclassic.com



ity) နှင့် သာယာဝပြောမှု (Welfare) ကို အဆုံးအဖြတ်ပေးခြင်း ဖြစ်လာပြီး **ပဥ္စမအချက်** ဖြစ်ပါသည်။

ဤနောက်ဆုံးအဆင့်သည် ထပ်မံ၍ပိုမိုကောင်းမွန်သော ထုတ်လုပ်မှုစနစ်နှင့် ပိုမိုကောင်းမွန်သော သာယာဝပြောမှုကို ဖြစ်ပေါ်စေသော Ideology, norms, moral codes နှင့် Political and legal Institutions များ၏ evolution များကို ဖြစ်ထွန်းစေပါသည်။

ယနေ့ ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးနေသော တရုတ်နိုင်ငံ၊ ဗီယက် နမ်နိုင်ငံနှင့် ဆိုရှယ်လစ်နိုင်ငံများ ဖြစ်ခဲ့သော အရှေ့ဥရောပနိုင်ငံများသည်လည်း အနှစ်သာရအားဖြင့် ဤပုံစံနှင့် နီးစပ်လာနေပါသည်။

ပထမဖြစ်စဉ်မှာ မတူညီစေကာမူ ဒုတိယအဆင့်ဖြစ်သော အတွေးအခေါ်၊ အယူအဆများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပြောင်း လဲလာမှုများမှ တစ်ဆင့် ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းလာခြင်းမျိုးလည်း ရှိပါသည်။

ဤသို့ဖြင့် အရင်းရှင်စီးပွားရေးစနစ် (သို့)ဈေးကွက်စီးပွားရေးစနစ်သည် ဆင့်ကဲပြောင်း လဲမှုများ (evolution) ကို ဖြတ်သန်း၍ ပြောင်းလဲလာခဲ့ပြီး ယနေ့ခေတ် အရင်းရှင်စီးပွားရေးစနစ်၏ အတွေးအခေါ် အယူအဆနှင့်ပင် ယခင်က အရင်းရှင်စီးပွားရေးစနစ် အတွေးအခေါ် အယူအဆ





မတူတော့ပေ။

အရင်းအနှီးရှိသူ၊ လုပ်အားရှိသူ၊ ပညာရှိသူတို့သည် မိမိတို့ ပိုင်ဆိုင်တတ်ကျွမ်းသည့် အရင်းအနှီး၊ လုပ်အား၊ ပညာ အစရှိသည်ကို ဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံရောင်းချအသုံးပြုခြင်းမှ ရသင့်ရထိုက်သည့် အကျိုးအမြတ်များကို ရယူနိုင်ပေသည်။

ဈေးကွက်များတွင် Monopoly, Oligopoly များကို Anti-monopoly (Anti-trust) ဥပဒေများဖြင့် ထိန်းချုပ်ထားခြင်းကြောင့် ဈေး ကွက်အသီးသီး၏ Reaction (ပြန်လည်တုံ့ပြန်မှု များ) သည်လည်း ဆိုရှယ်လစ်စနစ်ကဲ့သို့ နှောင့်နှေးကြန့်ကြာမှုများ၊ အချည်းနှီးဖြစ်မှုများ မရှိပေ။

ထို့အပြင် ဈေးကွက်များ၏ ကြီးထွား ဖွံ့ဖြိုးမှုကြောင့် အလုပ်အကိုင်၊ အခွင့်အလမ်းများပါ ကြီးထွားဖွံ့ဖြိုးလာခြင်းဟူသော အကျိုးကျေးဇူးများပါ ရရှိလာပါသည်။ တစ်နည်းအားဖြင့်ဆို သော် မိမိကျွမ်းကျင်ရာ၊ တတ်မြောက်ရာ အလုပ်အကိုင်များကို လုပ်ကိုင်ခြင်းဟူသော အလုပ်ခွဲခြားလုပ်ကိုင်ခြင်း ဖြစ်ထွန်းလာပြီး ပိုမိုကောင်းမွန် သောလူ့အဖွဲ့အစည်းအဖြစ်သို့ အသွင်ကူးပြောင်းလာစေခြင်းဖြင့် အောင်မြင်သောဈေးကွက်စီးပွားရေးစနစ်ကို ဖြစ်ပေါ်စေခဲ့ပါသည်။

အလုပ်ခွဲခြားလုပ်ကိုင်ခြင်းမှ အသစ်အသစ်သော Research and



www.burmeseclassic.com

www.burmeseclassic.com



Development များ၊ ကုန်ပစ္စည်းသစ်များ၊ အစားထိုးကုန်ကြမ်းများ၊ နည်းပညာအသစ်များ စသည်တို့ကိုပါ ဖန်တီးပေးနိုင်သဖြင့် ယင်းနိုင်ငံ၏ လူနေမှုအဆင့်အတန်း (standard of living) ကို မြင့်မားလာစေခြင်း၊ မက်ခရိုစီးပွားရေး (macro economy) ကို ခိုင်မာတောင့်တင်းလာစေခြင်း၊ စီးပွားရေးကဏ္ဍအပြင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍရပ်များလည်း မြင့်မားလာခြင်း စသည့် အကျိုးကျေးဇူးများ ရနိုင်ပါသည်။

အလုပ်ခွဲခြားလုပ်ကိုင်မှု နည်းပါးသော နိုင်ငံများတွင် သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်သော ပညာရှင်များ၊ ကမ္ဘာ့အဆင့်မီ Specialists များ နည်းပါးလာပြီး ဈေးကွက်စီးပွားရေးစနစ်၌လည်း နှောင့်နှေး ကြန့်ကြာလာတတ်ပါသည်။ အထူးသဖြင့်၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏ ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းခြင်းကာလကို လေ့လာကြည့်လျှင် ဤအားနည်းချက်များကို တွေ့ရပါသည်။ ဤအချက်ကို တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအပါအဝင် ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်း နေသော နိုင်ငံအချို့ (Transitional Economies) က နားလည်လာပြီး ဖြစ်သည်။ ဈေးကွက်စီးပွားရေး ယန္တရားကို ကိုင်တွယ်ရန်အတွက် ပြည်ပပညာတတ် မိမိနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်နေကြရပြီ ဖြစ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ် အားနည်းသော နိုင်ငံများတွင် ရောင်းလို





အားရှိသော်လည်း ဝယ်လိုအားမရှိတတ်ခြင်း၊ ဝယ်လိုအားရှိသော်လည်း ရောင်းလိုအား မရှိတတ်ခြင်းမျိုးကို ကြုံတွေ့ရတတ်ပါသည်။ ထို့ကြောင့် ထိုဈေးကွက်များ၏ ဈေးကွက်ဈေးနှုန်း (Market Price) မှာလည်း မတည်ငြိမ်ဘဲ ထုတ်လုပ်မှု (Production)၊ စားသုံးမှု (Consumption)၊ ရင်းနှီးမြှုပ်နှံမှု (Investment)၊ စုဆောင်းမှု (Saving) စသည်တို့မှာ ကြိုတင်ခန့်မှန်းရန် ခက်ခဲတတ်ပါသည်။

အလုပ်ခွဲခြားလုပ်ကိုင်ခြင်းသည် ဈေးကွက်စီးပွားရေးစနစ်တွင် အရေးပါသော နာရီခွေးသွားစိတ်များကဲ့သို့ဖြစ်ပြီး ခွေးသွားစိတ်တိုင်း အရေးပါလှပါသည်။ အလုပ်အကိုင်ခွဲခြားလုပ်ကိုင်ခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးရာရောက်ပြီး ကဏ္ဍအလိုက်ကျွမ်းကျင်သူများကို မွေးထုတ်ပေးခြင်း၊ မက်ခရိုစီးပွားရေးတစ်ရပ်လုံး၏ ရင်းနှီးမြှုပ်နှံမှုအပြင် စားသုံးမှု၊ ထုတ်လုပ်မှုများ မြင့်မားလာစေခြင်းတို့ဖြင့် လူတစ်ဦးစီ၏ အမှန်ဝင်ငွေမြင့်မားလခြင်းနှင့်အတူ လူနေမှုအဆင့်လည်း မြင့်မားလာပါလိမ့်မည်။

အလုပ်ခွဲခြားလုပ်ကိုင်ခြင်း အားနည်းလျှင် (သို့)မရှိလျှင် ဈေးကွက်ယန္တရားသည် ပုံမှန်လည်ပတ်မည်မဟုတ်ဘဲ **Brain Drain**များ ဖြစ်ပေါ်လာခြင်း၊ ပြည်တွင်းစုဆောင်းငွေများ ပြည်ပသို့ ယိုစီးသွားခြင်း၊ နည်းပညာဗဟုသုတများ နိမ့်ကျလာခြင်းစသည့် အကျိုးဆက်များ ဖြစ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဈေးကွက်စီးပွားရေးစနစ်ဟူသည် Dynamic အသွင်ဆောင်သောကြောင့် မပြတ်ကြိုးစားသူများ၊ မိမိအရည်အချင်းကို မြှင့်တင်နေသူများအတွက်တော့ ပြိုင်ဆိုင်ခွင့်များစွာ ရှိသော်စနစ်တစ်ခုဖြစ်သော်လည်း ပျင်းရိသူများ၊ ခေတ်နောက်ပြန်ဆွဲလိုသူများ၊ ထော်လော်ကန့်လန့်လုပ်သူများ၊ မတရားအမြတ်ထုတ်စီးပွားရှာသူများအတွက်တော့ ဆေးခါးကြီးတစ်ခွက်နှင့် တူပါလိမ့်မည်။

ဤသို့ဖြင့် နိုင်ငံတိုင်း၏ခေါင်းဆောင်ကြီးများသည်လည်း အမြော်အမြင်ကြီးစွာဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်လာပါသည်။ ကမ္ဘာနှင့်ရင်ပေါင်တန်း နိုင်ရေးဟူသော ဦးတည်ချက်မှာ ပိုမိုပီပြင်လာ စေခဲ့ပါသည်။

Ecovision
Vol: 1 No. 37

~~~~~~~~~~~~~~~~~~~~





**(Market Oriented Economy and Wage Income)**

# ဈေးကွက်စီးပွားရေးစနစ်နှင့် လုပ်ခငွေ



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



ဈေးကွက်စီးပွားရေးစနစ်နှင့် အလုပ်အကိုင်ခွဲခြား လုပ်ကိုင်ခြင်းတို့၏ အပြန်အလှန်အရေးပါမှုနှင့်အပြန်အလှန်အကျိုးသက်ရောက် မှုအကြောင်းကို အကျဉ်းချုံး၍ ဤ Ecovisionဂျာနယ် အမှတ်စဉ် ၃၅ တွင် ရေးသားခဲ့ပြီးဖြစ်ပါသည်။ ယခုအပတ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို နည်းမှန်၊ လမ်းမှန် ဆောင်ရွက်သွားခြင်းဖြင့် အလုပ်ခွဲခြားလုပ်ကိုင်မှု မြင့်မားတိုးတက်လာပြီး ယင်းမှတစ်ဆင့် လုပ်ခဝင်ငွေ လစာများမှာလည်း Equilibrium အမှတ်တစ်ခုသို့ ရောက်လာနိုင်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် ထုတ်လုပ်သူ (Producters)၊ စားသုံးသူ (Consumers)၊ တစ်နည်းအားဖြင့် ရောင်းလိုအား (Supply)၊ ဝယ်လိုအား (Demand) ကို ဈေးကွက်ဈေးနှုန်း (Market Price)က ထိန်းညှိပေးပါသည်။

ထို့အပြင် အခြားအရေးပါသော ဒေါက်တိုင်တစ်ခုမှာ အစိုးရ (သို့) အစိုးရအဖွဲ့အစည်းများ ဖြစ်ပါသည်။ ယင်းတို့သည် ဈေးကွက်ယန္တရားကြီး၏ Market Failure မဖြစ်စေရန် ပံ့ပိုးပေးရပါမည်။ ထို့အပြင် Policy Failure ကြောင့် Market Failure မဖြစ်စေရန်လည်း အထူးသတိပြုရပါမည်။

ဈေးကွက်စီးပွားရေးစနစ်ကို အသွင်ကူးပြောင်းဆဲ အစဦးပိုင်းကာလတွင် အထွေထွေ ကုန်ဈေးနှုန်းသည် မြင့်တက်လေ့ရှိသော်လည်း အသွင် ကူးပြောင်းဆဲကာလအတော်အတန်ကြာလာသောအခါ ယင်း



www.burmeseclassic.com

www.burmeseclassic.com



အထွေထွေကုန် ဈေးနှုန်းမှာ ဈေးကွက်ယန္တရားမှတစ်ဆင့် မှုမှန်ကုန်ဈေးနှုန်းသို့ ပြန်လည်ဖော်ဆောင်ပေးနိုင်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်နေသောနိုင်ငံများတွင် အလုပ်အကိုင် ခွဲခြားလုပ်ကိုင်မှုများမှ တစ်ဆင့် လူတစ်ဦးစီ၏ အမှန်ဝင်ငွေမှာလည်း မြင့်မားတိုးတက်လာစေပါသည်။ သိသာထင်ရှားသော ဥပမာတစ်ခုပေးရမည်ဆိုလျှင် ဂျပန်နိုင်ငံ၏ စီးပွားရေးနှင့် လူတစ်ဦးစီ၏ ဝင်ငွေပြောင်းလဲတိုးတက်လာမှုဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ GDP သည် U.K (United Kingdom) နိုင်ငံ၊ ပြင်သစ်နိုင်ငံ (France)နှင့် ဂျာမနီနိုင်ငံ (Germany)သုံး နိုင်ငံစုစုပေါင်း၏ GDP နီးပါးကြီးထွားလာခဲ့ပြီး ကမ္ဘာ့ဒုတိယ အကြီးဆုံး စီးပွားရေးအင်အားနိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပါသည်။ လူတစ်ဦးဝင်ငွေအနေဖြင့် အသေးစိတ်ကြည့်လျှင်လည်း အလုပ်ခွဲခြားလုပ်ကိုင်ခြင်းစနစ်အနည်ထိုင်လာသောကြောင့် ဝင်ငွေမှာ မြင့်မားလာပါသည်။ ဥပမာ- တစ်လလျှင် ရထားမောင်းသူတစ်ဦးသည် ယန်း(Yan)လေးသိန်းခန့်၊ ရဲဝန်ထမ်းတစ်ဦးသည် ယန်းသုံးသိန်းခွဲခန့်၊ တက္ကသိုလ် Junior ဆရာတစ်ဦးသည် ယန်းလေးသိန်းခန့်၊ ဂျပန်ဝန်ကြီးချုပ်သည် ယန်းသိန်းနှစ်ဆယ်ခန့် (USD ၁.၈ သောင်းခန့်)၊ ဂျပန်လွှတ်တော်အမတ်တစ်ဦးသည် ယန်း ၁၈သိန်းခန့်၊ ယိုကိုဇူနအဆင့်ရှိ ဂျပန်ဆူမိုနပန်းသမားတစ်ဦးသည် ပြိုင်ပွဲတစ်ပွဲနိုင်လျှင် ယန်း





၃၀ သိန်းခန့်၊ ကြေးစားဘောလုံးကစားသူတစ်ဦးသည် တစ်နှစ်လျှင် ယန်း ၁၀၀၀ သိန်းခန့်၊ နာမည်ကြီး Baseball ကစားသမားတစ်ဦးသည် တစ်နှစ် လျှင် ယန်းသန်း ၁၀၀ ခန့်၊ တက္ကသိုလ် Professor တစ်ဦးသည် တစ်နှစ်လျှင် ယန်းသိန်း ၁၀၀၀ ခန့်၊ တစ်နေ့လျှင် သုံး၊ လေးနာရီခန့် အချိန်ပိုင်း အလုပ်လုပ်သူ အိမ်ရှင်မတစ်ဦးသည် တစ်လလျှင် ယန်းတစ်သိန်း နှစ်သောင်းခန့် စသဖြင့် ရရှိနိုင်ပြီး အချိန်ပိုင်း အလုပ်လုပ်သူများအနေဖြင့် လည်း မိမိနှင့်သင့်တော်သော အချိန်ပိုင်းအတွင်း အလုပ်လုပ်နိုင်သော arubaito (အချိန် ပိုင်းအလုပ်)အနေဖြင့် တစ်နာရီလျှင် ယန်း ၈၀၀ (USD ၇ ခန့်) မှ ယန်း ၁၀၀၀ ခန့်အထိ ရရှိနိုင်ပါသည်။

ဆိုလိုသည်မှာ မိမိတို့၏ လုပ်အား၊ အသိပညာ၊ အတတ်ပညာကိုလွတ်လပ်စွာ ရောင်းဝယ်နိုင်ပြီး ထိုက်တန်သည့်ဝင်ငွေကို ရရှိပါသည်။ ဤသို့ဖြင့် ဂျပန်နိုင်ငံ အပါအဝင် OECD နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန် တို့သာမက အာရှမှစီးပွားရေးအင်အားတောင့်တင်းလာသော နိုင်ငံများတွင် လည်း ဤကဲ့သို့ စီးပွားရေးစနစ်ပုံစံမျိုးကို သုံးပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုသည်မှာ အလွန်များပြားလှစွာသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းတွင် လူတစ်ဦးစီ၏ ပါဝင်ဆောင်ရွက်မှု၊ ရွေးချယ်ပိုင်ခွင့်ရှိမှု၊ စီးပွားရေးအရ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်နိုင်မှုတို့၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပါသည်။

ထိုသို့ ကြီးထွားစေရန် နိုင်ငံများ၏ အစိုးရအဖွဲ့အစည်းများသည် နည်းပညာနှင့် ငွေ ကြေးပံ့ပိုးပေးခြင်း၊ လမ်းညွှန်ပေးခြင်းတို့ကို ထိုက်သင့်သလို လုပ်ဆောင်ပေးရတတ်ပါသည်။ နိုင်ငံများ၏ အစိုးရအနေဖြင့် မွေးရာပါ မစွမ်းသန်သူများ၊ အသိဉာဏ်ဖွံ့ဖြိုးမှုနိမ့်သူများ၊ အသက်အရွယ် ကြီးရင့်သူများ အတွက်လည်း၊ ၎င်းတို့နှင့် သင့်လျော်သော အလုပ်အကိုင်၊ အခွင့်အလမ်း များလည်း ဖန်တီးပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ ဝင်ငွေမြင့်သူများထံမှ အခွန်ပိုမိုကောက်ခံပြီး ဝင်ငွေကွာဟမှု သိပ်ကြီးမားမှုမရှိစေရန် လုပ်ဆောင်ခြင်းတို့ဖြင့် နိုင်ငံ၏ လူမှုစီးပွားရေးတစ်ရပ်လုံး၏ သာယာဝပြောမှုကို ဖန်တီးပေးပါသည်။

အခွန်ကောက်ခံရာတွင်လည်း ပကတိ စီးပွားရေးအခြေအနေဖြင့် အမှန်ဝင်ငွေပေါ် မူတည်ပြီး ကောက်ခံရန် လိုအပ်ပြီး၊ သို့မဟုတ်ပါက အခွန်တိုးမြင့် ကောက်ခံခြင်းသည် မဆိုစလောက်သော အခွန်တိုးမြင့်ရရှိမှုထက် မက်ကရိုစီးပွားရေး (Macro Economy) တစ်ရပ်လုံးသည် နစ်အတော်ကြာအောင် သွက်ချာပါဒ ဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် မက်ကရိုစီးပွားရေး တိုးတက်စေသော အလုပ်အကိုင်အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုအသစ်များ တို့ကို ပထမဦးစားပေးသင့်ပြီး ယင်းနောက်တွင်မှ ကြီးထွားလာသော စီးပွား





ရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အခွန်ကောက်ခံခြင်းပုံစံကို ကျင့်သုံးပါက အကျိုးသက်ရောက်ပါသည်။

နိဂုံးချုပ်ရမည်ဆိုလျှင် ဈေးကွက် စီး ပွားရေးစနစ်ကို ကျင့်သုံးလာခြင်းဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ အကြီး၊ အလတ်၊ အသေး အရွယ်အစား အမျိုးမျိုးများ၊ ကိုယ်ပိုင်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၊ အများပိုင်ကုမ္ပဏီများ စသဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးပေါ်ပေါက်လာပြီး ကုန်စည်နှင့် ဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုးတို့၏ ထုတ်လုပ်မှု(Production)၊ စားသုံးမှု (Comsumption)၊ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ (Investments)၊ စုဆောင်းမှု များ(Savings) စသည်တို့မှာ ကြီးထွားလာပါမည်။ နိုင်ငံများ၏ အစိုးရအ နေဖြင့် စီးပွားရေးတိုးတက်ကြီးထွားလာမှုကို မနှောင့်နှေးစေသော ဥပဒေ ဘောင်များဖြင့် ထိန်းသိမ်းကွပ်ကဲပေးရပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုး တက်လာလျှင် နိုင်ငံသား တစ်ဦးစီ တစ်ဦးစီ၏ ပင်ကိုယ်အရည်အသွေးများလည်း မြင့်မားလာပါ လိမ့်မည်။ တစ်ဦးနှင့်တစ်ဦးအကြား အပြန်အလှန် လေးစားမှု (Mutual Respect)၊ အပြန်အလှန်နားလည်မှု(Mutual Understanding) သည်လည်း ပိုမိုမြင့်မား လာပါလိမ့်မည်။ လူ့ဘောင်အဖွဲ့အစည်းသည်လည်း ပို၍ ethics ရှိလာပါ လိမ့်မည်။ Rent Seeking များလည်း နည်းပါးသွားပါလိမ့်မည်။

ဈေးကွက်စီးပွားရေးစနစ် ပိုပြင်းစွာ အကောင်အထည်ဖော် လာနိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင်ခွဲခြားလုပ်ကိုင်ခြင်းသည်လည်း ပိုမိုပီပြင်တိုး တက်လာပြီး လူတစ်ဦးစီ၏ဝင်ငွေမှာလည်း မြင့်မားလာပါသည်။လူနေမှု အဆင့်အတန်းမှာလည်း ဝင်ငွေမြင့်မားလာခြင်းနှင့်အတူ အခြေခံစားကုန်၊ သောက်ကုန်ပေါ်တွင် သုံးစွဲကုန်ကျသော ကုန် ကျစရိတ်အချိုးသည် နည်းလာပြီး ဇိမ်ခံပစ္စည်း များကို ပိုမိုသုံးစွဲလာနိုင်ပါသည်။ ဥပမာ- Toyota Lexusကား၊ Mercediez ကား၊ Omega နာရီ Rolex နာရီ Frank Muller နာရီ Patek Philippe နာရီအစရှိသော ကမ္ဘာကျော် Burberry ၊ Given-chy ရေမွှေးအစစ်များ အစရှိသော ကမ္ဘာ့နာမည်ကြီး Brand တံဆိပ်အမျိုးမျိုးကိုလည်း သုံးစွဲလာ နိုင်ခြင်း၊ ပြည်ပအလည်အပတ်ခရီးများ ထွက်ခြင်း၊ စိတ်ပိုင်းရုပ်ပိုင်း ကျန်းမာရေးအတွက် အချိန်နှင့်ငွေ ပိုသုံးလာနိုင်ခြင်းတို့ကို ခံစားနိုင်ပါသည်။ လူနေမှုအဆင့်အတန်း လည်း မြင့်မားလာပါသည်။ Reverse Brain Drain များ ယင်းနိုင်ငံအတွင်းသို့ ဖြစ်ပေါ်လာပြီး နည်းပညာအသစ်များ၊ ကုန်ထုတ်စွမ်း အားစုအသစ်များမှ တစ်ဆင့် ပိုမိုတိုးတက် ခေတ်မီသော စီးပွားရေးကို ဖန်တီးတည်ထောင်သွားပါသည်။ စီးပွားရေး ခိုင်မာတိုးတက်သော နိုင်ငံ တစ်ခုကို ပြည်ပနိုင်ငံများမှ အလွယ်တကူ အထင်သေးခြင်း၊ နိုင်လိုမင်းထက် ပြုမူခြင်း မခံရနိုင်ပါ။

ထို့ကြောင့် နိုင်ငံနှင့် မိမိ၏ ရေရှည်အကျိုးစီးပွားကို ရှေးရှုလိုသူတိုင်း မိမိတို့၏အသိအတတ်ပညာကို မြင့်မားအောင်လုပ်ဆောင်သင့်ပါသည်။

Ecovision
Vol: 1 No. 38

~~~~~~~~~~~~~~~~~~~~





**(Market Oriented Economy and Foreign Direct Investment)**

# စျေးကွက်စီးပွားရေးစနစ်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



ဈေးကွက်စီးပွားရေးစနစ်ပြန့်ပြင်လာသလို ဈေးကွက်၏ လိုအပ်ချက်များ သည်လည်း ကြီးမားလာသဖြင့် ပြည်တွင်းပြည်ပနှင့် ရင်းနှီးမြှုပ်နှံမှုများသည် ပိုမိုလိုအပ်လာပါမည်။ ထိုအခါတွင် မိမိတို့နိုင်ငံများက ထုတ်လုပ်ရန်အခက်အခဲရှိသော နည်းပညာနှင့် အရင်းအနှီးများကိုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ တစ်ဆင့်ရရှိလာပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးပွားလာပါသည်။ နိုင်ငံတကာအဆင့်မီ စီးပွားရေးစနစ်ကို ဖန်တီးတည်ဆောက်ရာတွင်လည်းကောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ရန်လိုအပ်လာသည့်အခါတွင်လည်းကောင်း အချိန်သည် များစွာအရေးပါပါသည်။ တစ်နှစ်ထက်တစ်နှစ် မတူအောင်ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးတွင် လိုက်လျောညီထွေ လုပ်ဆောင်နိုင်မှသာ မိမိထက်တိုးတက်နေသော နိုင်ငံများကို အမီ လိုက်နိုင်ပါလိမ့်မည်။

ဈေးကွက်စီးပွားရေး ကြီးထွားလာ ခြင်းနှင့်အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမှု (FDI)သည်လည်း ကြီးထွားဖွံ့ဖြိုးလာပါသည်။ ထိုသို့ FDI မြင့်မားလာခြင်းသည် နိုင်ငံများ၏ စီးပွားရေးအထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတွင်များစွာ အထောက်အကူပေးနိုင်ကြောင်း သာဓကများ ရှိပါ သည်။ အနီးစပ်ဆုံးပြရလျှင် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါသည်။ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆိုသည်မှာ တစ်နည်းအားဖြင့် ယင်းနိုင်ငံခြား





တိုင်းပြည်များ၏ စုဆောင်းငွေများမှ (သို့) ဝင်ငွေများမှတဆင့် ဖြစ်ပေါ်လာပြီး ယေဘုယျအားဖြင့် မိမိတို့၏ စီးပွားရေးအကျိုးကျေးဇူးကို ရှေ့တန်းတင်သော်လည်း ယင်း FDIကို လက်ခံသော နိုင်ငံစီးပွားရေးမှာ မတည်မငြိမ်ရှိလျှင်၊ စီးပွားရေးအတက်အကျ ပြောင်းလဲမှုမြန်လျှင်၊ နိုင်ငံရေးမတည် ငြိမ်လျှင်၊ ပြည်တွင်းစစ်ဖြစ်နေလျှင်၊ လက်ခံကျင့်သုံးသော နိုင်ငံ၏ ကုန်ထုတ်စွမ်းအားစုများနှင့် ဥပဒေများ မဖွံ့ဖြိုးမတိုးတက်သေးလျှင် ရင်းနှီးမြှုပ်နှံမှုမှာ နည်းပါးခြင်း (သို့) မရှိခြင်း ဖြစ်ပေါ်တတ်ပါသည်။ FDIတိုးတက်မြင့်မားလာရန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများက ယင်းကိုလက်ခံသော ပတ်ဝန်းကျင်အနေအထား၊ စီးပွားရေးအဆောက်အအုံတို့ကို ပြုပြင်သင့်သည်ကို ပြုပြင်၊ အစားထိုးသင့်သည်ကို အစားထိုး၊ ပြောင်းလဲသင့်သည်ကို ပြောင်းလဲနိုင်ရန်လည်း လိုအပ်ပါသည်။ နိုင်ငံများ၏ လုပ်အားခဈေးသက်သာသည်ဆိုသော် လည်း FDI ပိုမိုလက်ခံရရှိမည်ဟု တတ်အပ်မပြောနိုင်ပါ။ ရင်းနှီးမြှုပ်နှံသူတို့သည် ရေရှည်အကျိုးစီးပွား၊ နိုင်ငံရေးတည်ငြိမ်မှု၊ အခွန်နှင့် ငွေကြေး စနစ်ခိုင်မာမှု၊ ပြည်တွင်းဈေးကွက်ဝယ်လိုအား၊ လျှပ်စစ်ဓာတ်အား အလုံအလောက် ရရှိနိုင်မှု၊ အစိုးရရုံးပိုင်းဆိုင်ရာလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်ပြီးစီးနိုင်မှု၊ ထုတ်လုပ်မှုတွင် လိုအပ်သော လုပ်သားအလွယ်တကူရရှိနိုင်မှု၊ ယင်းလုပ်သားများကို အရည်အချင်းပြည့်ဝအောင်မွေးထုတ်ပေးနိုင်မှု အလားအလာစသည်



www.burmeseclassic.com

www.burmeseclassic.com



တို့ပေါ်တွင်လည်း မူတည်ပါသည်။

၁၉၈၀ ခုနှစ်များ မတိုင်ခင်အထိ ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ်တွင်သတိကြီးစွာဖြင့် ကြည့်မြင်သုံးသပ်ခဲ့သည်။ နိုင်ငံခြားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအပေါ်တွင် ယင်းနိုင်ငံများ၏ အန္တရာယ်ဟု ယူဆခဲ့ကြပြီး နိုင်ငံခြားကုမ္ပဏီများ (Multinational Enterprises, MNEs) မှပြည်တွင်းစီးပွားရေးနှင့် နိုင်ငံရေးကိစ္စများတွင် သက်ရောက်မှုပေးနိုင်သည့် အင်အားကို စိုးရိမ်ထိတ်လန့်ခဲ့ကြသည်။ ဤသို့စိုးရိမ်ထိတ်လန့်မှုမှာ ကိုလိုနီပြုခြင်းခံခဲ့ရသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သမိုင်းတာအရိပ် ထင်နေခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့်စီးပွားရေးအရ ကိုလိုနီနယ်ပယ်ချဲ့ထွင်ခြင်းခံရခြင်းဟု ထင်ယောင်ထင်မှား ဖြစ်နေခဲ့သည်။ MNEs များရံဖန်ရံခါ ယင်းတို့၏ ပင်ရင်းကုမ္ပဏီများ (Parents Companies)နှင့် အဆက်အသွယ်များမှ တစ်ဆင့်ဈေးနှုန်းသတ်မှတ်ခြင်းအမျိုးမျိုး (Price Fixing) လုပ်ဆောင်သည်ဟုလည်း သံသယရှိခြင်းကိုခံခဲ့ရပါသည်။ သို့သော် ယခုခေတ်နှစ်များတွင်၊ မည်သို့ပင်ဆိုစေ FDIအပေါ်ကန့်သတ်ချက်များသည် အပြိုင်အဆိုင်လျှော့ချနေပြီး FDI ရရှိရေးကို အပြိုင်အဆိုင်ကြိုးပမ်း လာကြပါသည်။ ယင်းသို့လက်ခံလာခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် နည်း၊ ပညာပြောင်းလဲမှုကို အရှိန်မြင့်တင်နိုင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုနှင့် ဈေးကွက်





Networksများပေါ်ထွန်းလာစေခြင်း၊ နှစ်ဦးနှစ်ဖက်အကြား အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ ဖြစ်ပေါ်လာခြင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှုဘက်များမှ ထောက်ပံ့မှုများရရှိ လာခြင်းအစရှိသည့် အပေါင်းလက္ခဏာဆောင်သော သက်သေအထောက်အထားများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် FDIကို တံခါးဖွင့်လက်ခံလာကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် MNEs များအပေါ် စီးပွားရေးဆွဲဆောင်မှုများ(Econo-mic Incentives) နှင့် အထောက်အပံ့များ (Subsidies) ပေးအပ်ပြီး မိမိတို့နိုင်ငံ၏ စက်မှုဖွံ့ဖြိုးမှုပေါ်လစီများ (Industrial Policies)ကို အထောက်အကူပြုစေခဲ့ပါသည်။ အထူးသဖြင့်၊ အာရှနိုင်ငံများသည် မိမိတို့နိုင်ငံ၏ စက်မှုကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အပြိုင်အဆိုင် FDIကို လက်ခံရယူရင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်နေကြပါသည်။

၁၉၉၁-၉၃ အတွင်း FDI ကို အများဆုံးလက်ခံရရှိသော နိုင်ငံ ၂၀အတွင်းတွင် ပါဝင်သည့် မလေးရှား စင်ကာပူနှင့် ထိုင်းနိုင်ငံများသည် ၁၉၉၈-၂၀၀၀ တွင် ယင်းနေရာများတွင် ဘရာဇီးနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ အိုင်ယာလန်နိုင်ငံတို့က အစားထိုးဝင်ယူလာကြသည်။ အာရှနိုင်ငံများအတွင်းတွင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့သည် FDI destination နိုင်ငံများအဖြစ် စိတ်ဝင်စားခြင်းခံလာရသည်။ FDI (Inflow)၏



www.burmeseclassic.com

www.burmeseclassic.com



ထိုနိုင်ငံများအပေါ်စီးဝင်မှုသည် ထိုနိုင်ငံတို့၏ စီးပွားရေးကို ကြီးကြီးမားမားပြောင်းလဲတိုးတက်စေခဲ့သည်။ လူတစ်ဦးချင်းဝင်ငွေပေါ်တွင်လည်း ပြောင်းလဲတိုးတက်လာစေသည်ကို လေ့လာတွေ့ရှိရသည်။ အောက်ပါဇယားတွင် လေ့လာနိုင်ပါသည်။

**(၁) အာရှတိုက်၏ FDI အများဆုံးလက်ခံရရှိနေသော နိုင်ငံ ၁၀ နိုင်ငံ၊ ၁၉၉၁-၉၃ နှင့် ၁၉၉၈-၂၀၀၀**

| စဉ် | လက်ခံရရှိသောနိုင်ငံ | ၁၉၉၁-၉၃ | စဉ် | လက်ခံရရှိသောနိုင်ငံ | ၁၉၉၈-၂၀၀၀ |
|---|---|---|---|---|---|
| နှစ်စဉ် FDI ပျမ်းမျှ FDI စီးဝင်မှုပမာဏ အမေရိကန်ဒေါ်လာ(ဘီလီယံ) | | | | | |
| ၁ | တရုတ် | ၁၄.၃ | ၁ | တရုတ် | ၄၁.၆ |
| ၂ | မလေးရှား | ၅.၀ | ၂ | ဟောင်ကောင် | ၃၃.၀ |
| ၃ | ဟောင်ကောင် | ၃.၉ | ၃ | စင်ကာပူ | ၁၁.၁ |
| ၄ | စင်ကာပူ | ၃.၉ | ၄ | တောင်ကိုရီးယား | ၈.၀ |
| ၅ | ထိုင်း | ၂.၀ | ၅ | ထိုင်း | ၅.၆ |
| ၆ | အင်ဒိုနီးရှား | ၁.၈ | ၆ | မလေးရှား | ၃.၅ |
| ၇ | တရုတ်(ထိုင်ပေ) | ၁.၀ | ၇ | တရုတ်(ထိုင်ပေ) | ၂.၇ |
| ၈ | ဖိလစ်ပိုင် | ၀.၉ | ၈ | အိန္ဒိယ | ၂.၄ |
| ၉ | တောင်ကိုရီးယား | ၀.၈ | ၉ | ဖိလစ်ပိုင် | ၁.၆ |
| ၁၀ | ပါကစ္စတန် | ၀.၇ | ၁၀ | ဗီယက်နမ် | ၁.၅ |
| | စုစုပေါင်း | ၃၆.၃ | | | ၁၁၄.၁ |





**(၂) အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အသားတင် FDI စီးဝင်မှုအခြေအနေ၊ အာဆီယံနိုင်ငံအချင်းချင်း၏ FDI နှင့် အာဆီယံနိုင်ငံမဟုတ်သောနိုင်ငံများ၏ FDI အခြေအနေ၊ ၂၀၀၄၊ ၂၀၀၅**

| | ၂၀၀၄ | | | ၂၀၀၅ | | |
|---|---|---|---|---|---|---|
| နိုင်ငံများ | အာဆီယံအချင်းချင်း၏ FDI | အာဆီယံမဟုတ်သော နိုင်ငံများ၏FDI | စုစုပေါင်း [illegible] | အာဆီယံအချင်းချင်း၏ FDI | အာဆီယံမဟုတ်သော နိုင်ငံများ၏FDI | စုစုပေါင်း [illegible] |
| ဘရူနိုင်း | ၁၉.၇ | ၁၉၂.၄ | ၂၁၂.၀ | ၁၉.၄ | ၂၆၉.၀ | ၂၈၈.၅ |
| ကမ္ဘောဒီးယား | ၃၁.၉ | ၉၉.၅ | ၁၃၁.၄ | ၁၂၉.၂ | ၂၅၂.၀ | ၃၈၁.၂ |
| အင်ဒိုနီးရှား | ၂၈၄.၂ | ၁၆၉၀.၃ | ၁၉၇၄.၅ | ၄၀.၅ | ၆၀၆၆.၈ | ၆၁၀၇.၃ |
| လာအို | ၇.၈ | ၉.၂ | ၁၆.၉ | ၆.၇ | ၂၀.၀ | ၂၆.၇ |
| မလေးရှား | ၉၈၀.၂ | ၃၆၄၃.၇ | ၄၆၂၃.၉ | ၅၈၂.၉ | ၃၃၈၁.၁ | ၃၉၆၄.၀ |
| ဖိလစ်ပိုင် | ၇၀.၁ | ၆၁၆.၇ | ၆၈၇.၈ | (၁၃.၆) | ၁၁၄၆.၁ | ၁၁၃၂.၅ |
| စင်ကာပူ | ၇၂၈.၃ | ၁၃၀၉၂.၁ | ၁၃၈၂၀.၄ | ၉၅၂.၁ | ၁၉၁၂၈.၄ | ၂၀၀၈၀.၅ |
| ထိုင်း | ၃၃၆.၀ | ၁၀၇၈.၀ | ၁၄၁၄.၀ | ၃၄၁.၅ | ၃၆၆၆.၃ | ၄၀၀၇.၈ |
| ဗီယက်နမ် | ၂၄၂.၉ | ၁၃၆၇.၂ | ၁၆၁၀.၁ | ၁၆၄.၇ | ၁၀၅၆.၁ | ၁၂၂၀.၈ |
| အာဆီယံ | ၂၆၁၀.၃ | ၂၃၀၅၀.၈ | ၂၅၆၆၀.၁ | ၂၂၂၀.၄ | ၃၅၈၆၂.၅ | ၃၈၀၈၂.၉ |

ရင်းမြစ်။ ASEAN FDI Database

အထက်ပါဇယား (၁)နှင့် ဇယား(၂) ကို ကြည့်ခြင်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် FDI ၏အရေးပါမှုကို သိရှိနိုင်ပါသည်။ ဇယား (၁)တွင် တရုတ်နိုင်ငံသည် ၁၉၉၁-၉၃တွင် အမေရိကန်ဒေါ်လာ ၁၄. ၃ဘီလီယံရှိခဲ့ပြီး အာရှတိုက်၏ FDI အများဆုံးလက်ခံရရှိသော နိုင်ငံဖြစ်ပြီး ၁၉၉၈-၂၀၀၀ ခုနှစ်တွင်လည်း တရုတ်နိုင်ငံသည် အမေရိကန် ဒေါ်လာ ၄၁. ၆ဘီလီယံဖြင့် အာရှတိုက်၏ FDI အများဆုံး လက်ခံရရှိသောနိုင်ငံအဖြစ် ရှိနေဆဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းလည်းကောင်း ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ် အစရှိသော အာရှနိုင်ငံ [illegible] FDI [illegible] (၂) [illegible] ဖွံ့ဖြိုးဆဲ နိုင်ငံများသည်လည်း FDI ရင်းနှီးမြှုပ်နှံမှုကို အများဆုံးလက်ခံရရှိသော ၁၀နိုင်ငံစာရင်းတွင် ပါဝင်လာပါသည်။ ထိုနိုင်ငံများ၏ တံခါးဖွင့်စီးပွားရေးဝါဒ ကျင့်သုံးမှု၊ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်နေနိုင်မှု၊ စွမ်းရည် ပြည့်ဝပြီး ဈေးသက်သာသော လုပ်သားအင်အား အလွယ်တကူရရှိနိုင်မှု၊ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးပြေပြစ်မှုစသည့် အချက်များကြောင့်ဟုလည်း ပြောနိုင်ပါသည်။

ဇယား (၂)ကို ကြည့်လျှင် အာဆီယံနိုင်ငံများသို့ အာရှနိုင်ငံအချင်းချင်း၏ FDI နှင့် အာဆီယံအဖွဲ့ဝင်မဟုတ်သော နိုင်ငံများ၏FDI ကို သိရှိနိုင်ပါသည်။ စင်ကာပူနိုင်ငံသည် အာဆီယံနိုင်ငံများမှရော၊ အာဆီယံအဖွဲ့ဝင်နိုင်ငံမဟုတ်သောနိုင်ငံများမှရော FDI နှစ်ခု စုစုပေါင်း ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၄၈၁၉.၄ ရှိပြီး ၂၀၀၅ တွင်လည်းပဲ အမေရိကန်ဒေါ်လာ သန်း ၂၀၀၈၀.၆ ဖြင့် FDI အများဆုံးလက်ခံရရှိသော နိုင်ငံဖြစ်ပါသည်။ ထိုနည်းတူစွာပင် ထိုင်း၊ ဗီယက်နမ်နိုင်ငံများသည်လည်းပဲ နှစ်စဉ်ပြောင်းလဲတိုးတက်လာနေသည်ကို တွေ့ရှိရပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် ပြည်တွင်းစုဆောင်းငွေများမှ ရင်းနှီးမြှုပ်နှံမှုမြင့်မားလာအောင် ဆောင်ရွက်ရန် အရေး





ပါသကဲ့သို့ ပြည်ပနိုင်ငံများမှ နည်းပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံလာအောင် ကြိုးပမ်းရန်များစွာလိုအပ်နေသေးသည်ကို ဤဇယား (၁)နှင့် ဇယား (၂)မှ တစ်ဆင့် တွေ့ရှိနိုင်ပါသည်။

Ecovision
Vol: 1 No. 40

~~~~~~~~~~~~~~~~~~~~~



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



**(Market Oriented Economy and Degree of Openess)**

# ဈေးကွက်စီးပွားရေးစနစ်နှင့် စီးပွားရေးတံခါးဖွင့်မှု

[illegible]

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဈေးကွက်စီးပွားရေးစနစ်သည် အရေးပါလှကြောင်းကို တစ်ချိန်က ကွန်မြူနစ်စနစ်၊ အာဏာရှင် စနစ်ကိုကျင့်သုံးခဲ့သော ကမ္ဘာ့နိုင်ငံများ သည်ပင်လျှင် မိမိတို့နိုင်ငံ၏ အနာဂါတ် အရေး၊ ပြည်သူများ၏ အကျိုးစီးပွားအတွက်သိရှိနားလည်လာနိုင်ကြသည်မှာ ဆယ်စုနှစ် နှစ်ခုကျော်ခန့်မျှရှိလာပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကို အစပြုပြီး ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံသော ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လာကြပြီး ပညာရေးကဏ္ဍတွင်လည်း ဈေးကွက်စီးပွားရေးစနစ်ကို သိရှိနားလည်ပြီး ကျွမ်းကျင်တတ်သိသော လူ့အရင်းအမြစ်များ မြှင့်တင်ခြင်းဟူသော အချက်ကိုပါ ထည့်သွင်းစဉ်းစားလာရပါသည်။ သို့မှသာ မိမိအကျိုး၊ ပတ်ဝန်းကျင်အကျိုး၊ နိုင်ငံအကျိုးစသည်တို့ကို သဟဇာတမှုတစွာ သိရှိနားလည်လာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မိမိတို့ပိုင်ဆိုင်သော ကုန်ထုတ်စွမ်းအားစုများ၊ Engergy အရင်းအမြစ်များကို အချိန်နှင့်တကွ အကျိုးကျေးဇူး Efficiency အရှိဆုံးဖြစ်အောင် ဆက်စပ်တွေးခေါ် လုပ်ဆောင်နိုင်လာပြီး လုပ်သားတစ်ဦးစီ၏ ကုန်ထုတ်လုပ်မှုပမာဏ (Productivity Per Worker) သည်လည်း မြင့်မားလာခြင်း၊ ကုန်ထုတ်စွမ်းအားစုများကို အလေအလွင့် အနည်းဆုံးအဖြစ်အသုံးပြုနိုင်အောင် စဉ်းစားလာခြင်း၊ စက်ရုံအလုပ်ရုံအစရှိသည့် အရင်းအနှီးအသုံးချ





လာခြင်းစသည့်တို့အပြင် ဈေးကွက်ယန္တရားထိန်းညှိပေးမှုဖြင့် မတရားဈေးကစားခြင်းများကိုလည်း ထိန်းသိမ်းတားဆီးရန် ပိုမိုလွယ်ကူလာပါသည်။ ကုန်ထုတ်လုပ်သူများ (producers)၊ စားသုံးသူများ (Consumers)များ၏ ထုတ်လုပ်မှု (Production)၊ စားသုံးမှု (Consumption)မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှု (Investment)၊ စုဆောင်းမှု (Saving)ကို ပိုမိုမြင့်မားစေသော စီးပွားရေးပုံသဏ္ဍာန်ဖြစ်လာရေးကို အစိုးရ(Government)က အမြဲမပြတ်စောင့်ကြည့်သတိပြုပြီး ကြားဝင်ဖော်ဆောင်ပေးသင့်က ဖော်ဆောင်ပေးရပါမည်။

တစ်နည်းအားဖြင့် တစ်ဦးအပေါ် တစ်ဦးအလေးထားရပါမည်။ မိမိအကျိုးစီးပွားတစ်ခုတည်းကို ဦးတည်လျှင်၊ ဈေးကွက်ကို လျစ်လျူရှုလျှင် တိုင်းပြည်လည်းနစ်နာ၊ မိမိကိုယ်တိုင်လည်း ရေရှည်တွင် နစ်နာသွားလေ့ရှိသောကြောင့် ဖြစ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်နှင့်အတူရောပြီး အရေးပါလာသည့်အရာမှာ စီးပွားရေးတံခါးဖွင့်မှု ဒီဂရီ (Degree of Openess)ဖြစ်ပါသည်။ ယင်းမှာ ထုတ်ကုန် (Exports)နှင့် သွင်းကုန် (Import)ပေါင်းထားခြင်းကို ယင်းနိုင်ငံ၏ GDP ဖြင့် စားထားခြင်းအချိုးပင်ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်သည် Closed Economy ဟုခေါ်သော တံခါးပိတ်စီးပွားရေးစနစ်မဟုတ်သောကြောင့် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စီးပွားရေးတံခါးဖွင့်မှု ဒီဂရီ (Degree)ဈေးကွက်



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးစနစ်သို့ မည်ရွေ့မည်မျှ ပြောင်းလဲနေကြောင်းကိုလည်း အဓိပ္ပာယ်ဖော်ဆောင်ပေးပါသည်။ ပြည်တွင်းထုတ်လုပ်မှုမှ အချို့ကိုလည်းကောင်း၊ ပြည်တွင်းစားသုံးမှုမှ အပိုအလျှံကိုလည်းကောင်း ပြည်ပသို့တင်ပို့ပြီး ပြည်တွင်း၏ လိုအပ်သော Capital Goods, Consumer Goods, Raw Materials အစရှိသည်တို့ကို ပြည်ပမှတင်သွင်းရပါသည်။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်လာသည်နှင့်အမျှ ယင်းနိုင်ငံတို့၏ ထုတ်လုပ်မှု (Production)နှင့် စားသုံးမှု (Consumption) တို့၏ အသွင်သဏ္ဍာန်မှာ ပြောင်းလဲခြင်း ကြီးမားလာခြင်းတို့ ဖြစ်ပေါ်လာပြီး ဤDegree of Openess ၊ မှ ဈေးကွက်စီးပွားရေးကို ဖော်ပြနေပါသည်။

ဤတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးတံခါးဖွင့်မှု တစ်နည်းအားဖြင့် စီးပွားရေးလွတ်လပ်မှု (Degree of Openess) ကို အောက်ပါဇယားတွင် ဖော်ပြပါသည်။ ဈေးကွက်စီးပွားရေးစနစ်သည် တိုင်းပြည်၏ စီးပွားရေးကို အစပြုပြီး နိုင်ငံသားတစ်ဦးစီလူနေမှု အဆင့်အတန်းမြင့်မားလာစေရေးကို အထောက်အကူပြုလာစေရေးကို အထောက်အကူပြုပေးသည်ကို တွေ့နိုင်ပါလိမ့်မည်။






Degree of Openess of Asean Members


Degree of Openess = Export + Import/ GDP (Mn USD)

| | | | | | | | |
|---|---|---|---|---|---|---|---|
| BRUNEI | 0.84 | 0.84 | 0.90 | 0.98 | 0.98 | 1.02 | 0.81 |
| CAMBODIA | NA | NA | 0.18 | 0.29 | 0.38 | 0.31 | 0.46 |
| INDONESIA | 0.37 | 0.38 | 0.43 | 0.43 | 0.44 | 0.41 | 0.41 |
| LAO PDR | 0.37 | 0.38 | 0.31 | 0.28 | 0.34 | 0.62 | 0.57 |
| MALAYSIA | 1.07 | 1.22 | 1.33 | 1.45 | 1.38 | 1.39 | 1.50 |
| PHILIPPINES | 0.42 | 0.45 | 0.48 | 0.48 | 0.48 | 0.85 | 0.56 |
| SINGAPORE | 3.27 | 3.13 | 3.07 | 2.9 | 2.73 | 2.74 | 2.81 |
| THAILAND | 0.59 | 0.66 | 0.86 | 0.67 | 0.66 | 0.66 | 0.69 |
| VIETNAM | 0.15 | 0.72 | 0.80 | 0.58 | 0.52 | 0.52 | 0.61 |

| | 1997 | | | | | | |
|---|---|---|---|---|---|---|---|
| BRUNEI | 0.94 | 0.66 | 0.92 | 1.16 | 1.15 | 1.23 | 1.21 |
| CAMBODIA | 1.54 | 0.68 | 0.82 | 0.96 | 1.02 | 1.06 | 1.11 |
| INDONESIA | 0.44 | 0.80 | 0.62 | 0.56 | 0.53 | 0.44 | 0.39 |
| LAO PDR | 0.56 | 0.70 | 0.69 | 0.60 | 0.48 | 0.41 | 0.36 |
| MALAYSIA | 1.57 | 1.82 | 1.80 | 2.00 | 1.84 | 1.62 | 1.61 |
| PHILIPPINES | 0.77 | 0.94 | 0.89 | 0.95 | 0.94 | 0.99 | 1.00 |
| SINGAPORE | 2.69 | 2.36 | 2.73 | 2.84 | 2.78 | 2.73 | 3.19 |
| THAILAND | 0.79 | 0.87 | 0.89 | 1.07 | 1.10 | 1.05 | 1.09 |
| VIETNAM | 0.77 | 0.77 | 0.81 | 0.97 | 0.96 | 1.04 | 1.15 |

Source: Author's Calculation based on data of ADB




Source: Author's Calculation

ဥပမာ- ဇယားတွင် စင်္ကာပူနိုင်ငံ၏ Degree of Openess ကိုကြည့်လျှင် ၁၉၈၈ မှ ၂၀၀၄အထိ ၁၄နှစ်တာကာလအတွင်း အခြားအာဆီယံနိုင်ငံများ၏ Degree of Openess နှင့် နှိုင်းယှဉ်လျှင် အမြင့်ဆုံးဖြစ်ပါသည်။ ထို့ကြောင့်လည်းပဲ Degree of Openess အမြင့်ဆုံးဖြစ်သော Singapore နိုင်ငံသည် အာဆီယံနိုင်ငံများအတွင်းတွင် စီးပွားရေးအတိုးတက်ဆုံးနိုင်ငံဖြစ်နေပါသည်။

~~~~~~~~~~~~~~~~~~~~

Ecovision
Vol: 1 No. 49



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



(Market Economic System and Globalization)

# ဈေးကွက်စီးပွားရေးစနစ်နှင့် Globalization

ထက်ဝေယံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယနေ့အခါတွင် 'ဈေးကွက်စီးပွားရေးစနစ်' ဟူသော ဝေါဟာရသည် ကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့ပြည်သူများ၊ အစိုးရများအကြားတွင် ယဉ်ပါးသော စကားလုံးဝေါဟာရဖြစ်နေသော်လည်း တစ်ချိန်ကမူ ကမ္ဘာ့နိုင်ငံများ အကြားတွင် အရင်းရှင်ကြီးစိုးရေးဝါဒဟူ၍လည်းကောင်း ပြည်သူများ၏ အကျိုးစီးပွားကို ထိရောက်စွာ မဖော်ဆောင်နိုင်သည့်ဝါဒဟူ၍လည်းကောင်း စသည်ဖြင့် အမျိုးမျိုးဝေဖန်ခဲ့ကြသည်။ ဥပမာ ၁၉၅၇ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံ ကွန်မြူနစ်ပါတီဥက္ကဋ္ဌ Nikita Khrushchev (နီကိတ ခရူးရှက်)သည် ဆိုဗီယက်နိုင်ငံက အမေရိကန်ပြည်ထောင်စုကို နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်များဖြင့် မဟုတ်ဘဲ ဆိုဗီယက်နိုင်ငံ၏ သာလွန်ကောင်းမွန်သောစီးပွားရေး စွမ်းဆောင်ရည်(သို့)ထုတ်လုပ်မှုအင်အား (တစ်နည်းအားဖြင့် စီးပွားရေးအင်အား) ဖြင့် အနိုင်ယူပြီး မြေမြှုပ်ပစ်မည်ဟု ဝံ့ကြွားစွာပြောဆိုခဲ့သည်အထိ 'ဈေးကွက်စီးပွားရေးစနစ်' ကို အထင်သေးခဲ့သည်။ တစ်နည်းအားဖြင့် 'ဈေးကွက်စီးပွားရေးစနစ်'ထက် 'ဗဟိုဦးစီးချုပ်ကိုင်သော စီးပွားရေးစနစ်'က ပိုမိုသာလွန်ကောင်းမွန်ပြီး ပိုမိုထုတ်လုပ်နိုင်မှုစွမ်းအား (Superior Productive Power)ကို ဖြစ်ထွန်းစေလိမ့်မည်ဟု ယူဆခဲ့ဟန်တူပါသည်။ သို့သော်လည်း ၁၉၈၉ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုနှင့် ယင်း၏စီးပွားရေးအရရော၊ စစ်ရေး အရပါ အရေးပါသော မဟာမိတ်နိုင်ငံများဖြစ်သည့် အရှေ့ဥရောပနိုင်ငံများ (East European Countries) သည်





ပြိုလဲသွားရပါသည်။ ယင်း၏ အဓိကအကြောင်းရင်းမှာ ဗဟိုဦးစီးချုပ်ကိုင်စီးပွားရေးစနစ်၏ စီးပွားရေးကျဆုံးမှုများ (Massive economic Failures)၏ရလဒ်ဟု သုံးသပ်နိုင်ပါသည်။ ထိုအချိန်က ၎င်းနိုင်ငံများ၏ စားသုံးကုန်ပစ္စည်းများ (Consumer goods) မှာ အလွန်ရှားပါး၍ ကန့်သတ်ချက်များ ရှိနေပြီး အခြေခံစားသုံးကုန်ပစ္စည်းများသည်ပင်လျှင် ပြတ်လပ်ခဲ့ပါသည်။ ထို့အပြင် မော်တော်ကား၊ ရေခဲသေတ္တာ၊ တယ်လီဗီးရှင်းနှင့် အခြားသော လူသုံးကုန်ပစ္စည်းများမှာလည်း ကမ္ဘာ့စံချိန်နှင့် နှိုင်းယှဉ်လျှင် အလွန်ခေတ်နောက်ကျကျန်နေသောပစ္စည်းများသာ ဖြစ်နေခဲ့သည်။ ကွန်ပျူတာများ၊ စက်ကိရိယာများမှာလည်း ယင်း၏ပြိုင်ဘက် အမေရိကန်နိုင်ငံထက် ဆယ်စုနှစ်တစ်စုကျော် နောက်ကျနေခဲ့ပြီး လူနေမှုအဆင့်အတန်းမှာလည်း နောက်ကျကျန်နေခဲ့ပါသည်။ အရှေ့ဥရောပနိုင်ငံများသည်လည်းပဲ 'တစ်ရှိန်ထိုးကျဆင်းသွားသော ကုန်ထုတ်လုပ်မှု (For of Sharply reduced outputs)၊ မြင့်မားသော အလုပ်လက်မဲ့နှုန်း (Rising unem-ployment rate)၊ ဘဏ္ဍာရေးလို ငွေကြီးမားမှု (huge budget deficits)၊ နိုင်ငံခြားကုန်သွယ်ရေး ပြဿနာများ မဖြေရှင်းနိုင်မှု (Unable to solve the problems of international trade) စသည်တို့ကြောင့် ကွန်မြူနစ်ဝါဒသည် ကျဆုံးသွားပြီး ဈေးကွက်စီးပွားရေး စနစ်ကို အာရုံစိုက်လာကြပါသည်။ ထိုသို့ ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှစ၍ ကျန်နိုင်ငံများ၏ စီးပွားရေးသည် တစ်မှုဟုတ်ချင်း ပြန်လည်နလန်ထူလာခဲ့ပါသည်။ တစ်နည်းဆိုသော် ကုန် ထုတ်စွမ်းအားစုများ၊ အရင်းအမြစ်များကို အကျိုးရှိစွာ သုံးစွဲခွဲဝေမှုမှ ရရှိသောရလဒ်ကောင်းပင် ဖြစ်ပါသည်။ လူတစ်ဦးချင်းစီ၏ စီးပွားရေး အကျိုးအမြတ်မက်လုံးများ (Incentives)သည်လည်း ပိုမိုမြင့်မားလာသော ကြောင့် ထုတ်လုပ်မှုစွမ်းအား (Productivity) သည်လည်း ပိုမိုမြင့်မားလာခြင်း ဖြစ်ပါသည်။ ဤသည်မှာ ဈေးကွက်စီးပွားရေးစနစ်၏ အဓိကအားသာချက် ဖြစ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ် တည်ဆောက်မှု (Establishment of a market economy)တွင် (၁) ကုန်ဈေးနှုန်းများနှင့် လုပ်ခ (Prices and wages) များကို ထိန်းချုပ်မှုမရှိစေခြင်း၊ (၂) ကုန်ထုတ်စွမ်းအားစုများ (Productive resources)များကို နိုင်ငံပိုင်မှ ပုဂ္ဂလိကပိုင်အဖြစ်သို့ပြောင်းလဲပေးခြင်း၊ (၃) နိုင်ငံ၏စီးပွားရေးကို တံခါးဖွင့်ပေးပြီး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကိုလည်း Liberalizationလုပ်ပေးခြင်း၊ (၄)ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေရှိစေသည့် Legal နှင့် Institutional Framework များကို တည်ဆောက်ပေးခြင်း (ဥပမာဘဏ်နှင့် ငွေကြေးစနစ်၊ အရင်းအနှီးဈေးကွက် (Capital market)၊ ကုန်ကျစရိတ်တွက်ချက်ခြင်း (Cost Accounting)၊ စီးပွားရေးလုပ်ငန်းဥပဒေ (business Law) စသဖြင့်)တို့ကို ဆောင်ရွက်ရန်





လိုအပ်လာပါသည်။

အမှန်တကယ်အားဖြင့် ဈေးကွက်စီးပွားရေးစနစ်ဟူသည် လေးနက်ကျယ်ပြန့်သောကြောင့် အလွယ်တကူနားလည်သဘောပေါက်ရန် ခက်ခဲနိုင်ပြီး နားလည်မှုလွဲမှားခြင်း (misunderst- anding)လည်း ရှိနိုင်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းရေးကာလ (Transition Period towards the market economy) တွင်လည်း အခက်အခဲအမျိုးမျိုး၊ လွန်ဆွဲမှုအမျိုးမျိုးရှိနိုင်သော်လည်း ဈေးကွက်စီးပွားရေးစနစ်၏ သဘောသဘာဝကို မှန်မှန်ကန်ကန်သိရှိနားလည်မှသာ ဤစနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါသည်။ လျင်မြန်စွာရွေ့လျားနေသော Globalization ခေတ်ရေစီးကြောင်းကို ဈေးကွက်စီးပွားရေးစနစ်ဟူသော လှေဖြင့်သာ လိုက်ပါနိုင်ပါသည်။ ထိုသို့လိုက်ပါနိုင်ရန်အတွက်မူ ပညာ၊ အရည်အချင်းမြင့်မားပြီး ကြိုးစားအားထုတ်သော လူသားအရင်းအမြစ်များ အထူးလိုအပ်ပါသည်။

Ecovision
Vol: 2 No. 5

~~~~~~~~~~~~~~~~~~



www.burmeseclassic.com
~~~~~~~~~~~~~~~~~~

www.burmeseclassic.com



**(Market Economic System and Economic Policy)**

# ဈေးကွက်စီးပွားရေးစနစ်နှင့် စီးပွားရေးပေါ်လစီ

ထက်ဝေယံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဈေးကွက်စီးပွားရေးစနစ်၏ ဝိပြင်မှုပေါ်မူတည်ပြီး အဓိကကုန်ထုတ်စွမ်းအားစုများဖြစ်သည့်အရင်းအနှီး၊ လုပ်သားအင်အားတို့မှာ အရည်အသွေး၊ အရေအတွက်ပါ ပိုမိုမြင့်မားတိုးတက်လာတတ်သည်။ ယင်းနိုင်ငံ၏ လုပ်သားတစ်ဦးချင်း၏ ထုတ်လုပ်မှုစွမ်းအား (Productivity per Labour) မှာ ပိုမိုမြင့်မားလာက၊ လူတစ်ဦးချင်း၏ အမှန်ဝင်ငွေ (Real Income per head) (သို့) လူတစ်ဦးချင်းစီ၏ ဝယ်ယူနိုင်စွမ်းအား (Purching Power per head) (သို့) လူနေမှုအဆင့်အတန်း (Standard of Living) မှာလည်း မြင့်မားလာပါလိမ့်မည်။

တစ်နည်းဆိုရလျှင် လုပ်သားဈေးကွက် (Labor Market)၊ ငွေကြေးဈေးကွက် (Money Market)၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု (Goods and Services Market) စသည်တို့တွင် ယေဘုယျအားဖြင့် ဝယ်လိုအား (Demand) နှင့် ရောင်းလိုအား (Supply) တို့၏ ချိန်ခွင်လျှာကို ဈေးကွက်ယန္တရား (Market Mechanism) မှတစ်ဆင့် ညှိပေးပါလိမ့်မည်။

ဈေးကွက်စီးပွားရေးစနစ်တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ ဈေးကွက်ဈေးနှုန်း (Market Price) ကိုထိန်းချုပ်နိုင်မည်မဟုတ်ပေ။ ထုတ်လုပ်သူများ (Producers) အနေဖြင့်ရော၊ စားသုံးသူများ (Comsumers) အနေဖြင့်ပါ မိမိတို့၏ အကျိုးအမြတ်ကို အများဆုံးရစေမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ စားသုံးခြင်းတို့ကို ပိုမိုလွတ်လပ်စွာရွေးချယ်နိုင်သည့် အခွင့်အလမ်းများကိုလည်း ပိုမိုရရှိစေပါလိမ့်မည်။ တစ်နည်းဆိုသော် ပြိုင်ဆိုင်မှုမှာ ပိုမိုပြင်းထန်လာပြီး ယင်း၏အကျိုးဆက်အဖြစ် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ သာယာဝပြောမှု (Social Welfare) မှာ ပိုမိုကောင်းမွန်တိုးတက်လာမည်ဖြစ်သည်။



ဈေးကွက်စီးပွားရေးစနစ် ဝိပြင်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးမြင့်လာမည်။ အလုပ်လက်မဲ့နှုန်း(သို့) အလုပ်လက်မဲ့ပြဿနာသည်လည်း နိမ့်ကျလာမည်။

အလုပ်တစ်ခုမှ တစ်ခုအကြားပြောင်းရွှေ့စဉ်ကြားကာလတွင် ဖြစ်ပေါ်လေ့ရှိသည့်အလုပ် လက်မဲ့ပုံစံသာရှိလာပြီး ရေရှည်အလုပ်လက်မဲ့ပုံစံမှာ နည်းပါးသွားပါလိမ့်မည်။

သို့သော် ဈေးကွက်စီးပွားရေးစနစ်တွင် ကုန်ဈေးနှုန်းကို အစိုးရကသော်လည်းကောင်း၊ အဖွဲ့အစည်းများကသော်လည်းကောင်း ထိန်းချုပ်မှုမရှိသဖြင့် ကုန်ပစ္စည်းများ၏ဈေးနှုန်းသည်လည်း ပြောင်းလဲလာနိုင်မည်။ ကာလတစ်ခုကို ဖြတ်သန်းစဉ် ယင်းဈေးနှုန်းများမှာ နိုင်ငံ၏ဝယ်လိုအား၊ ရောင်းလိုအား(သို့) စားသုံးမှုအင်အား၊ ထုတ်လုပ်မှုအင်အား(သို့)နိုင်ငံ၏ မက်ခရိုစီးပွားရေး (Macro Economy) လုပ်ခဝင်ငွေအဆင့် (Wages and Incomes Level) စသည်တို့

www.burmeseclassic.com

www.burmeseclassic.com



အပေါ်တွင်များစွာ မူတည်နေပါမည်။ ကုန်ဈေးနှုန်းများသည် Eguilibrium Price အဆင့်သို့ ရောက်လာပါမည်။ တစ်နည်းဆိုသော် Price Stabilization အဆင့်သို့ ရောက်လာခြင်းဟုလည်း ခေါ်နိုင်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်သည် အထက်မှ အောက်သို့ဆင့်ကဲ အမိန့်ပေးသောကြိုးနီစနစ်၊ ဗဟိုဦးစီးချုပ်ကိုင်သော စီးပွားရေးစနစ် (Central Planned Economic System) နှင့် အသွင်သဏ္ဍာန် (Form)ရော အနှစ်သာရ (Contants) ပါမတူညီသောကြောင့်၊ ဈေးကွက်စီးပွားရေးစနစ်တွင် မိ မိကိုယ်မိမိတာဝန်ခံရခြင်း (Self-responsibility) သည် အဓိကမောင်းနှင်အားဖြစ်လာသောကြောင့် လူပုဂ္ဂိုလ်တစ်ဦးချင်းရော၊ အဖွဲ့အစည်းတစ်ခုချင်းရော၊ တစ်နည်းအားဖြင့် ကလေး၊ လူကြီးအားလုံးသည် ပိုမိုကြိုးစားရန်၊ ပိုမိုတာဝန်ယူရန် ပိုမိုအပြန်အလှန်လေးစားနားလည်သဘောပေါက်ရန်စသဖြင့် လိုလာ ပါသည်။ သို့မှသာ ဈေးကွက်စီးပွားရေးစနစ်သည် ချောမွေ့ပါလိမ့်မည်။

ဈေးကွက်စီးပွားရေးစနစ်နှင့်အတူ ထုတ်လုပ်မှုအသွင်သဏ္ဍာန်၊ စားသုံးမှုအသွင်သဏ္ဍာန်သည်လည်း ပြောင်းလဲလာနိုင်ပြီး၊ လူမှုစီးပွား ရေးအခြေအနေအရပ်ရပ် (Overall Socio-Economic Conditions) သည် တဖြည်းဖြည်းပြောင်းလဲခြင်း (Evolution) နှင့်အတူ ဘဝနေထိုင်မှုပုံ စံ (Life Style) သည်လည်း ပြောင်းလဲလာပါလိမ့်မည်။





သို့ကြောင့် နိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးစံကို မထိခိုက်စေသော ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် လူမှုသိပ္ပံပညာရှင်များ (Social Scientists)သည် ထိန်းမတ်လမ်းညွှန်ပေးရန်လည်း လိုအပ်လာပါမည်။ ခေတ်စနစ်သစ်နှင့် လိုက်လျောညီထွေရှိပြီး၊ ယဉ်ကျေးမှုဓလေ့ထုံးစံလည်း မပျောက်စေရန်ဖြစ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းတာလ (Transition Period) သည်အရေးကြီးသော ကြားကာလတစ်ခုဖြစ်သော်လည်း၊ ယင်းတာလ ရှည်ကြာလွန်းလျှင် အားပြိုင်မှု၊ လွန်ဆွဲမှုအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးတို့ ပေါ်ပေါက်လာတတ်သဖြင့် သတိထားရန်လိုအပ်သည်။ ယင်းကြားကာလ အတွင်းတွင် ဈေးကွက်စီးပွားရေး စနစ်၌ရှိသင့်သည့် Institutional and Legal Frameများကို ပြုပြင်ခြင်း၊ စီးပွားရေးအခြေခံ အဆောက်အအုံများကို တည်ဆောက်ခြင်းစသည်တို့ကို လက်ရှိမက်ခရိုစီးပွားရေး (Macro Economy) နှင့် လိုက်လျောညီထွေရှိစေပြီး လျင်မြန်စွာဖော်ဆောင်ပေးရန်လိုပါသည်။

ယနေ့ကမ္ဘာ့နိုင်ငံအများစုသည် ဈေးကွက် စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးနေသောကြောင့် ပြည်တွင်းရှိထုတ်လုပ်သူများ၊ စားသုံးသူများသည် ပြည်တွင်းဈေးကွက်ဈေးနှုန်း (Domestic Market Price) ၏ ပြောင်းလဲမှုအကျိုးကျေးဇူးကိုပါ ပိုမိုသက်ရောက်လာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်နိုင်ငံများနှင့် အစိုးရများသည် ပြည်တွင်းထုတ်လုပ်မှုမြင့်မား စေသော စီးပွားရေးပေါ်လစီ၊ အလုပ်အကိုင်အခွင့်အလမ်းများ နှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြင့်စေသော စီးပွားရေးပေါ်လစီ၊ ငွေကြေးစနစ်ကို တည်ငြိမ်စေသော စီးပွားရေးပေါ်လစီ၊ တိုင်းသူပြည်သားတို့၏ လူမှုစီးပွားသာယာဝပြောမှု၊ ကွာဟမှု ၊ (Huge Poverty Gap) ကို ကျဉ်းမြောင်းစေသော စီးပွားရေးပေါ်လစီ သဘာဝဘေးအန္တရာယ်များ (Natural Disasters) များနှင့် မမြင်ရနိုင်သည့်ကပ်များ (Unseen Bad Causes & Consequences) ကို ခံသာပြီး ပြန်လည်ထူထောင်ရေးအသွင်လိုအပ်မည့် စီးပွားရေးပေါ်လစီများ၊ အကျဉ်းဆိုရသော် နိုင်ငံသားတိုင်း၏ လူနေမှုဘဝအဆင့် (Level of Living Standard) ကို ပိုမိုမြင့်မားလာစေသော စီးပွားရေးပေါ်လစီများကိုဆောင်ရွက်ကြရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သီအိုရီအယူအဆများ(Theory) နှင့် လေ့လာတွေ့ရှိမှုများ (Observations) များပေါင်းစပ်ပြီး ယင်းတို့၏ အဓိက ပထမဦးဆုံးဦး စားပေးရမည့် Policy Issues များကို သတ်မှတ်ပြီး၊ ယင်းတို့ကို ဖြေရှင်းပေးမည့် modelsများ ရေးဆွဲပြီး Policy Simulation များ၊ Calibration များစသည့် နည်းလမ်းများအသုံးပြုပြီး၊ ဖြေရှင်းနိုင်ကြောင်း ရေးသားလိုက် ပါသည်။

Ecovision
Vol: 2 No. 8

~~~~~~~~~~~~~~~~~~~~



(Economic Policy)

# စီးပွားရေးပေါ်လစီ

( Keizai Seisaku )



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



(ဃ) စီးပွားရေးပေါ်လစီဆိုသည်မှာ မည်သို့သောပညာရပ်ဖြစ်သနည်းဟု ဆိုလျှင်၊ ဖြေရှင်းသည် -

၁။ စီးပွားရေးနှင့် ပတ်သက်သော ရည်မှန်းချက် တစ်ခုခုကို ဖြစ်မြောက်စေရန်အတွက် (တစ်နည်းဆိုသော် ပေါ်လစီရည်မှန်းချက်ထားရှိပြီး)

၂။ အခွင့်အာဏာကိုပိုင်ဆိုင်သည့် (တစ်နည်းအား ဖြင့်) ယင်းအခွင့်အာဏာကို ဆောင်ရွက်ခွင့်ရရှိထားသည့် အဖွဲ့အစည်းက (တစ်နည်းဆိုသော် ပေါ်လစီကို ဆောင်ရွက်ခွင့်ရရှိသည့်အဖွဲ့အစည်း)

၃။ စီးပွားရေးပညာရပ်ဆိုင်ရာ နည်းလမ်းများ (Tools)ကို အသုံးပြုပြီး တိုင်းပြည်၏ စီးပွားရေးတွင် လုပ်ရှားအသုံးပြုခြင်း (တစ်နည်းအားဖြင့် ပေါ်လစီနည်းလမ်းများ "Policy Tools") ပင်ဖြစ်ပါသည်။

စီးပွားရေးပေါ်လစီ (Economic Policy) ကို ဖွံ့ဖြိုးဆဲနိုင်ငံများ (Developing Countries) များရော၊ ဖွံ့ဖြိုးပြီးနိုင်ငံများ (Developed Countries) များတွင်ပါ အသုံးပြုနေကြပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ကား အထူးအလေးထားကြပါသည်။ နိုင်ငံတစ်ခု၏ ဆင်းရဲမှု၊ ချမ်းသာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ မဖွံ့ဖြိုးမတိုးတက်မှု၊ လူနေမှု အဆင့်အတန်းမြင့်မားမှု၊ နိမ့်ကျမှု စသည့်တို့တွင် စီးပွားရေးပေါ်လစီသည်များစွာ အရေးပါနေသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ဂျပန်နိုင်ငံတွင် စီးပွားရေးပေါ်လစီကို Keizai Seisaku ဟုလည်းကောင်း၊ ကုန်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတွင် Wislschaft- spolitsche Konzeption (Economic Policy Concepts) ဟူ၍ လည်းကောင်းစသဖြင့် ခေါ်ဝေါ်သုံးစွဲကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း မိမိတို့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားအဆင့်အတန်း (Socio-Economic Status) မြင့်မားလာစေရန်လည်းကောင်း၊ ကမ္ဘာ့အဖွဲ့အစည်းများသည်လည်း ဆင်းရဲ မွဲတေမှုတိုက်ဖျက်ရေးစီမံကိန်းများ (Projects of Poverty Eradiction) တွင်လည်းကောင်း၊ ယနေ့ကမ္ဘာပေါ်တွင် လောင်စာစွမ်းအင်လိုအပ်ချက် မြင့်မားလာပြီး လောင်စာဈေးနှုန်းများ မြင့်မားလာသောကြောင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး နိုင်ငံရေး လူမှုရေးစသည့် အနေအထားများ၏ ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာခြင်းနှင့်အတူ ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ (Enviromental Problems) ကို ရင်ဆိုင်ဖြေရှင်းရန်အတွက်လည်းကောင်း၊ လွတ်လပ်သော ကုန်သွယ်မှုအဖွဲ့များ၏ (Free Trade Agreements) ပေါ်ပေါက်လာခြင်းနှင့်အတူ ဖြစ်လာမည့် ကုန်ထုတ်စွမ်းအားစုများ (Factor endowments of productivity)၊ ကုန်ကြမ်းများ (Raw Materids)၊ သယံဇာတများ (Natural Resources) တို့၏ဈေးကွက်များ စသည့် (Factor Markets)တွင် ဖြစ်ပေါ်လာမည့် ပြောင်းလဲမှုများ (Changes) ကိုတွက်ချက်ရန်လည်းကောင်း၊ လုပ်သားဈေးကွက် (Labor Market)နှင့် လုပ်ခဈေးနှုန်း (Wage Rates) များပြောင်း လဲလာနိုင်မှုကို ခန့်မှန်းရန် လည်းကောင်းစသည့် စီးပွားရေးဆိုင်ရာ ပြဿနာရပ်များစွာကို





သိရှိနိုင်ရန်အတွက် စီးပွားရေးပေါ်လစီကို အသုံးပြု ရခြင်းလည်း ဖြစ်ပါသည်။

နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ ကုန်ထုတ်လုပ်နိုင်မှု (Productivity) တစ်ခုတည်းဖြင့် မရပ်တည်နိုင်တော့သဖြင့်၊ အထက်ဖော်ပြပါအကြောင်းအရာများကြောင့် ယင်းတို့ကို ပံ့ပိုးပေးနေသောဈေးကွက်များ (Factor Markets) တွင်ပါ ပြောင်းလဲလာသဖြင့် ယင်းတို့၏ အပြန်အလှန်ပြောင်းလဲမှုများနှင့် အကျိုးဆက်များကို လေ့လာရန်လိုအပ်လာပါသည်။ ယင်းသို့လေ့လာရာတွင် Factor ဈေးကွက်တစ်ခုချင်းအပေါ်တွင် လေ့လာခြင်း (Partial equilibrium analysis) ဈေးကွက်များအားလုံးပေါ်တွင် ခြုံငုံသုံးသပ်လေ့လာခွဲခြမ်းခြင်း (General equilibrium Analysis) စီးပွားရေးကဏ္ဍအလိုက်နှင့် စီးပွားရေးတစ်ရပ်လုံးပေါ်တွင် လေ့လာခွဲခြမ်းခြင်းများ၊ (economic Policy analysis at the sector-level as well as the economy-wide Level) စသည့်ရှုပ်ထွေးနက်နဲသည့် ခွဲခြမ်းလေ့လာခြင်းများ၊ အခြားသော စီးပွားရေးပေါ်လစီများဖြင့် အစားထိုးခြင်း (Alternative Policy measures)ဖြင့် ရရှိနိုင်မည့် အကျိုးရလဒ်များကို တိုင်းတာတွက်ချက်ခြင်း စသည်တို့သည် စီးပွားရေး ပညာရှင်များ၊ သုတေသီများ၏ Targetများ၊ တစ်နည်းအားဖြင့် ရည်ရွယ် ချက်များ ဖြစ်လာပါသည်။

စီးပွားရေးပညာသည် ရှားပါးပြီး အကန့်အသတ်ဖြင့် ရှိနေသော ကုန်ထုတ်စွမ်းအားစုများကို မည်ကဲ့သို့ အကျိုးရှိဆုံးဖြစ်အောင်အသုံးချရမည်ဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



အဓိကဖြစ်သောကြောင့် စီးပွားရေးပေါ်လစီများဖြင့် ယင်းတို့၏ အကျိုးသက်ရောက်မှုကို အကောင်းဆုံးဖြစ်စေရန်ရေးဆွဲရပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားရန်လုပ်ဆောင်နိုင်သောနိုင်ငံများသည် သင့်လျော်သောစီးပွားရေးပေါ်လစီ များကို ကျင့်သုံးနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ကိုတွေ့ရပြီး၊ အချို့နိုင်ငံများမှာ သင့်လျော်သော စီးပွားရေးပေါ်လစီများကို မကျင့်သုံးနိုင်ခဲ့ခြင်းကြောင့် စီးပွားရေးတိုးတက်မှုသည် နှစ်ပေါင်းများစွာ နောက်သို့ ပြန်လည်ရောက်ရှိသွားခဲ့ရပါသည်။

နိုင်ငံသားတိုင်း စီးပွားရေးအခွင့်အလမ်းများ၊ စီးပွားရေးအခြေအနေသည် နိုင်ငံ၏စီးပွားရေး အခြေအနေနှင့် အပြန်အလှန်အမှီသဟဲပြုနေ သောကြောင့် နိုင်ငံသားတိုင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် နိုင်ငံ၏စီးပွားရေးအင်အားတောင့်တင်းအောင် ဆောင် ရွက်ခြင်းသည် ထပ်တူအရေးကြီးပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် စီးပွားရေးပေါ်လစီသည် ပေါင်းကူးတံတားသဖွယ်ဖြစ်ပြီး လက်ရှိနှင့် အနာဂတ် စီးပွားရေးအခြေခံ အုတ်မြစ်များကို တည်ဆောက်ပေးရာလည်းရောက်သည့် အဓိပ္ပာယ်ဖော်ဆောင်ပါသည်။

**Ecovision**
**Vol: 2 No. 10**

~~~~~~~~~~~~~~~~~~~~

**(Economic Problem and Economic Policy)**

# စီးပွားရေးပြဿနာနှင့် စီးပွားရေးပေါ်လစီ

www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



ယေဘုယျအားဖြင့် "ပေါ်လစီ" ဟုဆိုလျှင် "ရည်ရွယ်ချက်ရှိသော အပြုအမူ"ဟု ပြောနိုင်သည်။ K.E Boulding ၏ အဆိုအရ ပေါ်လစီကို ယေဘုယျအားဖြင့် "အထူးရည်ရွယ်ထားသော ရည်မှန်းချက်ပန်းတိုင်ကို ဖော်ဆောင်ရန် ရည်ရွယ်သောအပြုအမူနှင့် နည်းနာနိသာယများ" ဟု ဆိုသည်။ ယင်းမှာ လူသားအဖွဲ့အစည်း (Human Society) ကို ပိုမိုကောင်းမွန်စေရန် အလို့ငှာ၊ Ecosystem ကို (တနည်းအားဖြင့် သက်ရှိနှင့် သဘာဝပတ်ဝန်းကျင်တို့၏ အပြန်အလှန်စပ်ဆက်နေမှုသဏ္ဌာန်) အသွင်ပြောင်းယူခြင်း လည်း ဖြစ်ပါသည်။ ပေါ်လစီက "စီးပွားရေးပြဿနာများ"ကို ဓရိယာအဖြစ် သတ်မှတ်လျှင် ယင်းကို "စီးပွားရေးပေါ်လစီ (Economic Policy)" ဟုခေါ်ပြီး၊ ပေါ် ်က "လူမှုရေးပြဿနာများ" ကို ဓရိယာအဖြစ်သတ်မှတ်လျှင် ယင်းကို "လူမှုရေးပေါ်လစီ (Social Policy)" ဟုခေါ်သည်။ စီးပွားရေးတွင်လည်း စီးပွားရေးကဏ္ဍများအလိုက် သီးသန့်ခွဲခြားသတ်မှတ်ပြီး လယ်ယာစိုက်ပျိုးရေး ပေါ်လစီ (Agriculture Policy) ၊ စက်မှုပေါ်လစီ (Industrial Policy) ၊ ကုန်သွယ်ရေးပေါ်လစီ (Trade Policy) စသဖြင့်လည်း ခွဲခြားပါသေးသည်။ ထို့အပြင် ကုန်ဈေးနှုန်း (Prices) ၊ လုပ်ခ (Wages) ၊အတိုးနှုန်း (Interest Rate) စသဖြင့် ဤစီးပွားရေးပြဿနာများကို ဖြေရှင်းရန်အတွက် (Price Policy) ၊ လုပ်ခပေါ်လစီ (Wage Policy) ၊ အတိုးနှုန်းပေါ်လစီ (Interest Rate Policy)



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့်လည်း သတ်မှတ်ပါသည်။ ဤသို့ဖြင့် ကဏ္ဍအလိုက်နှင့် စီးပွားရေး ပြဿနာအလိုက် စီးပွားရေးပေါ်လစီကို သတ်မှတ်ပါသည်။

စီးပွားရေးပေါ်လစီကို နိုင်ငံသားတို့၏ သာယာဝပြောမှုကို တိုးမြှင့်စေရန် ရည်ရွယ်ပြီး လုပ်ဆောင်ရသည့်အားလျော်စွာ၊ ယင်းသို့လုပ်ဆောင်ရသည့်အချက်တိုင်းနှင့် လုပ်ငန်းစဉ်တိုင်းတွင် အကျေအလည်ဆွေးနွေးညှိနှိုင်းမှုများနှင့် နိုင်ငံသားတို့၏ ရေရှည်အကျိုးစီးပွားကို မြှင့်တင်ပေးမည့် ကြိုတင်တွက်ဆမှုများ အထူးလိုအပ်ပါသည်။ ထို့အပြင် စီးပွားရေးပေါ်လစီကို ရေးဆွဲလျှင် ရင်ဆိုင်ရမည့် Economic Contradiction (စီးပွား ရေး ဝိရောဓိများ၊ ဆန့်ကျင်ခြင်းများ)ရှိနေတတ်ပြီး၊ ၎င်းကို ဖြေရှင်းခြင်းသည်လည်းပဲ Economic Policy ဟုခေါ်သည်။

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့ နိုင်ငံ၏ စီးပွားရေးလည်ပတ်မှု (Economic Circulation) ၏ ယန္တယားကို ထိန်းသိမ်းပေးပြီး၊ စီးပွားရေးဖွံ့ဖြိုးမှု (Economic Development) ကို ဖော်ဆောင်ပေးသော စီးပွားရေးပေါ်လစီများကို ချမှတ်ပေးရပါသည်။

စီးပွားရေးပေါ်လစီကို လူသားတို့၏ အတွေ့အကြုံများ၊ တနည်းအားဖြင့် သိပ္ပံနည်းကျလေ့လာ ထားမှုများ ဂျာမန်ဘာသာဖြင့် (die denkende Ordnung der Tatsacher) ကို ပေါင်းစပ်ထားသော နမူနာဖော်ပြမှု ဂျာမန်ဘာသာဖြင့်





(die Darlegung von Idealer)ပင်ဖြစ်ပါသည်။ စီးပွားရေးပညာရှင် အဆက်ဆက်က စီးပွားရေးပညာကို သီအိုရီများ၊ အတွေ့အကြုံများဖြင့်ပေါင်းစပ်ပြီး ရုပ်လုံးဖော်ခဲ့ပြီး၊ ယနေ့စီးပွားရေးပညာသည် ၊ သိပ္ပံနည်းကျစဉ်းစားခြင်း၊ သရုပ်ခွဲခြင်းများကို ဆောင်ရွက်နိုင်လာပါသည်။ စီးပွားရေးပညာကို အခြေခံပြီး လူသားတို့၏ နေ့စဉ်လိုအပ် ချက်များနှင့် လူမှုဘဝနယ်ပယ် အရပ်ရပ်တွင် အပြောင်းအလဲများကို ဖန်တီးပေးခြင်း၊ ဖြည့်ဆည်းပေးခြင်း များကို ပြုလုပ်လာနိုင်ပါသည်။ နိုင်ငံရေး နယ်ပယ်တွင်လည်း မိမိတို့နိုင်ငံရေး အဖွဲ့အစည်းများ၏ ကြေငြာစာတမ်း (Manifesto)စသည်တို့တွင် ထည့်သွင်းရေးဆွဲလာပြီး နိုင်ငံ၏ လူမှုစီးပွားအခြေအနေများ (Socio - economic Conditions)ကို မည်သို့ပုံဖော်မည်ဆိုသည်ကို စဉ်းစားလာကြပါသည်။ ဤသို့ဖြင့် တစ်စတစ်စ ပြောင်းလဲခြင်းအသွင်သဏ္ဌာန် (Evo- lution Type)နှင့် စက်မှုတော်လှန်ရေး (Industrial Revolution) ပညာရေးပြုပြင်ပြောင်းလဲရေး (Education Revolution) စသည့် ပြောင်းလဲမှုအသွင်သဏ္ဌာန်များ (Revolution Types)နှင့်အတူ လူသားတို့၏ လိုအင်ဆန္ဒများမှာ ပိုမိုကြီးမားလာခဲ့သည်။ ထို့အပြင် လူသားတို့၏ (တနည်းအားဖြင့် နိုင်ငံများ၏) လူမှုဘဝအခြေအနေအထားအပေါ် တန်ဖိုး သတ်မှတ်မှုများ၊ ဆန္ဒများ၊ သဘောထားများမှာလည်း ပြောင်းလဲလာပြီး လူသားတို့သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယင်းပြောင်းလဲမှုအသွင်သဏ္ဌာန်များနှင့် လိုက်လျောညီထွေရှိစေရန် ပြုပြင်ဖန်တီးလာရပါသည်။ Max Weber မှ အစပြုပြီး Adam Smith (1723 ~ 1790), Karl Marx (1818 ~ 1966), W.Eucken (1891 ~ 1950), F.A.V. Hayek (1899 ~ 1992), W.Repuke (1899 ~ 1966), G. Weisser (1898 ~ 1989), K.Schiller (1911 ~ 1994) စသည်တို့၏ အတွေးအခေါ်များကို ခေတ်သစ်စီးပွားရေးပညာရှင်များ အတွေးအခေါ်ပညာရှင်များ၏ ပညာများဖြင့် ပေါင်းစပ်ပြီး စီးပွားရေး ပြဿနာများကို မည်ကဲ့သို့လက်တွေ့ကျကျ ဖြေရှင်းနိုင်ရန်ကို ကြိုးပမ်းလာ ခဲ့သည်။

ခေတ်တစ်ခေတ်၊ စနစ်တစ်ခုပြောင်းလျှင် ယင်းတို့နှင့် အတူလူတို့၏ စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးအစရှိသည်တို့ပါ ပြောင်းလဲသွားတတ်ပါသည်။ သို့သော် တခါတရံ လူသားတို့သည် မိမိတို့၏ ရှိရင်းစွဲသဘောထားများ၊ အယူအဆများကို တော်ရုံနှင့်မပြောင်းလဲတတ်ပေ။ ထို့ကြောင့် ပြောင်းလဲမှုများနှင့်အတူ ဖြစ်ပေါ်လာသည့် ကောင်းသော ပြောင်းလဲမှုများကို သိရှိနားလည်ပြီး ပြောင်းလဲရန်လိုအပ်သလို၊ ပြောင်းလဲမှုများနှင့် ဖြစ်ပေါ်လာမည့် မကောင်းသောပြောင်းလဲမှုများကိုလည်း ကြိုတင်တွက်ဆခန့်မှန်းနိုင်ရန်လိုအပ်ပါသည်။ ယနေ့ ကမ္ဘာကြီးသည် IT နည်းပညာများနှင့်အတူ **Globalization** သည်လည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲ



BURMESE CLASSIC .com



နေပြီဖြစ်ရာ နိုင်ငံသားတိုင်းသည် စွမ်းရည်မြင့်မားနေရန်လိုအပ်လာနေပါပြီ။ သို့မှသာ အမျိုးသားလုံခြုံရေး (National Security)နှင့် အမျိုးသား အကျိုးစီးပွား (National Interest)ကိုလည်း စွမ်းရည်မြင့်မားစွာ ဖော်ဆောင်နိုင်ပါလိမ့်မည်။

Ecovision
Vol: 2 No. 13

~~~~~~~~~~~~~~~~~~~~



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



(Market Economic System and
Income Distribution Isuues)

# ဈေးကွက်စီးပွားရေးစနစ်နှင့်
# ဝင်ငွေခွဲဝေမှုပြဿနာ

ထက်ဝေယံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဈေးကွက်စီးပွားရေးစနစ်၏ သဘောသဘာဝနှင့်ဖြစ်ပေါ်လာပုံ၊ ယင်း၏အသွင်သဏ္ဌာန် နှင့် အနှစ်သာရ၊ ပြောင်းလဲလာပုံနှင့် ကမ္ဘာ့နိုင်ငံအများစုတွင် လက်ခံကျင့်သုံးလာပုံနှင့်ယင်း နှင့်အတူ စီးပွားရေးပြောင်းလဲလာပုံတို့ကို ယခင်အပတ်များက Ecovision ကျာနယ်တွင် ရေးသားခဲ့ပါသည်။ ဈေးကွက်စီးပွားရေးစနစ်သည် အကျိုးကျေးဇူးကောင်းများကို ပေါ်ထွန်းစေသော်လည်း ဝင်ငွေခွဲဝေမှုကွာဟမှု ပြဿနာကိုလည်းဖြစ်ပေါ်စေနိုင်ပါသည်။ ဤသည်မှာ ဈေးကွက်စီးပွားရေးစနစ်ကို ဆိုးသည်ဟု ဆိုလိုသည်မဟုတ်ဘဲ၊ ဝင်ငွေခွဲဝေမှုပြဿနာကို ဖြေရှင်းနိုင်သည့်စီးပွားရေးပေါ်လစီများလိုအပ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

စီးပွားရေးစနစ်တိုင်းသည် ကုန်ထုတ်စွမ်းအားစုများဖြစ်သော မြေယာ (land)၊ အရင်းအနှီး (Capital)၊ လုပ်သား (Labour) နှင့် လောင်စာ(Fuel) တို့ကို နည်းပညာ (Technology) နှင့် ပေါင်းစပ်ပြီး အကျိုးအရှိဆုံးဖြစ်အောင်၊ တစ်နည်းအားဖြင့် Efficiency အရှိဆုံးဖြစ်စေရန် လိုအပ်ပါသည်။ တစ်ဖန် ထိုထုတ်လုပ်မှုစွမ်းအားစုများ (Factors of Productivity)ကို ထပ်မံ၍ အသုံးချနိုင်ရန်နှင့် ကုန်ထုတ်စွမ်းအား (Productivity) ပိုမိုမြင့်မားလာ စေရန်လည်း အရေးကြီးပါသည်။ ဤတွင် ဈေးကွက်စီးပွားရေးစနစ်သည် ပြိုင်ဆိုင်မှုပေါ် အခြေခံသော ကုန်ထုတ်လုပ်မှုစနစ်၊ စီးပွားရေးစနစ်ဖြစ်သောကြောင့်





စွမ်းဆောင်ရည် ထိရောက်မှု (Efficiency) အရှိဆုံးဟု သတ် မှတ်နိုင်သော်လည်း၊ ပြိုင်ဆိုင်မှုမရှိလျှင်နှင့် ပြိုင်ဆိုင်ရန်အခွင့်အလမ်းများ တန်းတူညီမျှမရရှိလျှင် ဈေးကွက်စီးပွားရေးစနစ်သည်လည်းပဲ Efficiency မရရှိနိုင်ပါ။ (ဤတွင် ဆိုလိုချင်သည်မှာ အရာရာကို ဈေးကွက်အပေါ် တွင်သာ လုံးဝဥဿုံ အားကိုးအားထားရမည်ဆိုသည်ထက်၊ မလိုအပ်သော Policy Interventions များ မဖြစ်စေရန်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ (Private Sector) ကို ပြုစုပျိုးထောင်ပေးရန်၊ အားပေးရန်နှင့် ဝင်ငွေခွဲဝေမှု (Income Distribution) ကို မျှတစွာရှိစေရန်ကိုသာ ဆိုလိုပါသည်။)

စီးပွားရေးစနစ်သည် Efficiencyရှိလာသည် နှင့်အတူ National Income (ပြည်သူများ၏ ဝင်ငွေ)သည်လည်း မြင့်မားလာသည်။ တစ်နည်းဆိုသော် လုပ်ခဝင်ငွေ (Wage) နှင့် ပိုင်ဆိုင်မှုမှ ရရှိသောဝင်ငွေ (Incomes of Own assets) ပင်ဖြစ်ပါသည်။ လုပ်ခဝင်ငွေမှာ မိမိ၏လုပ်အား တန်ဖိုး(သို့) လုပ်အားကိုအသုံးချ၍ ရရှိသောဝင်ငွေဖြစ်ပြီး ပိုင်ဆိုင်မှုမှ ရရှိသော ဝင်ငွေမှာမူ ပိုင်ဆိုင်မှုပစ္စည်း(သို့) အရင်းအနှီး၊ မြေစသည်ဖြင့် ပိုင်ဆိုင်မှုမှရရှိခံစားနိုင်သော ဝင်ငွေဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုမစခင်ကာလအထိ နိုင်ငံသားများ၏ ဆင်းရဲချမ်းသာကွာဟမှုမှာ မကြီးမားသော်လည်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ...င်ကျင့်သုံးလာသည်မှစ၍ (ယခင်က ကွန်မြူနစ်နိုင်ငံများ အပါအဝင်)



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံများ၏ စီးပွားရေးသည် ပိုမိုသွက်လက်လာပြီး နိုင်ငံသားများ၏ဝင်ငွေသည်လည်း မြင့်မားလာပေသည်။ ဤတွင် အရေးကြီးသည့်အချက်မှာ ဈေးကွက်စီးပွားရေး စနစ်ကို အသုံးချနိုင်သူများမှာနည်းပါးပြီး၊ ၎င်းတို့မှာ မသိသူကျော်သွား၊ သိသူဖော်စားဆိုသကဲ့သို့၊ ဈေးကွက်စီးပွားရေးစနစ်၏ အကျိုးကျေးဇူးများကို ခံစားရသော်လည်း အများစုမှာမူ ကျန်ရစ်ခဲ့ရသည်။ တစ်ပြိုင်တည်းတွင် မြေယာ စသည့် Asset များတွင် ဝယ်လိုအားကြီးမားလာပြီး ယင်းကဲ့သို့ Asset များကို ပိုင်ဆိုင်သူများသည် ထပ်ဆင့်အကျိုးကျေးဇူးကို ရရှိလာပါသည်။ လုပ်အားကိုသာ ရောင်းချပြီးရရှိသောဝင်ငွေ (တစ်နည်းအားဖြင့် လုပ်အားကို ရောင်းချခြင်းမှ ဝင်ငွေရရှိသူများ) မှာမူ အထက်ပါ ပိုင်ဆိုင်မှုများမှ ရရှိသော ဝင်ငွေလောက် မြင့်မားနှုန်းမမြန်သလို၊ မမြင့်မားသောကြောင့် ဈေးကွက်စီးပွားရေးစနစ်၏ အကျိုးကျေးဇူးကိုထပ်တူမခံစားရဟု ထင်နိုင်လာပါသည်။ တစ်နည်းအားဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို မရင့်ကျက်သေးသောနိုင်ငံများ၊ အခြေခံစီးပွားရေးအဆောက်အအုံများ အားနည်းသောနိုင်ငံများနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ(FDI)နှင့် နိုင်ငံခြားအရန်ငွေကြေး (Foreign Reserve) နည်းပါးသောနိုင်ငံများတွင် ဤကဲ့သို့ ကြုံကြိုက် ရလေ့ရှိပါသည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်ကို အရှိန်အဟုန်ဖြင့် အောင်မြင်နေသောနိုင်ငံများ၊ ဥပမာအားဖြင့် - တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ စသည်တို့သည်





ပိုမိုတည်ငြိမ်သော ဈေးကွက်စီးပွားရေးစနစ်ကို ရရှိစေရန်အ တွက် ဝင်ငွေမညီမျှမှု (Income Inequality) ပြဿနာကိုပါ ရင်ဆိုင်ဖြေရှင်းလာရပါသည်။ တစ်နည်းဆိုသော် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဈေးကွက်စီးပွားရေးစနစ်ကို စတင်လက်ခံကျင့်သုံးလာသောနိုင်ငံများသည်လည်းပဲ ထိုပြဿနာကို လေးလေးနက်နက် စဉ်းစားရမည်ဖြစ်ပြီး လိုအပ်သော စီးပွားရေး ပေါ်လစီများကို ရေးဆွဲရပါသည်။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်လာသည် နှင့်အမျှ ရင်းနှီးမြှုပ်နှံမှု (Investment)၊ စားသုံးမှု (Consumption)၊ စုဆောင်းမှု (Saving) ၊ ထုတ်လုပ်မှု (Production)ပုံသဏ္ဍာန်များသည်လည်း ပြောင်းလဲလာပြီး၊ နိုင်ငံသားတိုင်း၏ အခွင့်အလမ်းများသည်လည်း ပိုမိုမြင့်မားလာပါသည်။ ၎င်းမှနိုင်ငံ၏ စီးပွားရေးကို ပိုမိုမြင့်မားစေပါသည်။ နိုင်ငံသားတစ်ဦးစီ၏ ပင်ကိုယ်အရည် အချင်းများ၊ စွမ်းဆောင်ရည်များသည် ဈေးကွက်စီးပွားရေးကို အောင်မြင် စေရန် အရေးပါသောအချက်များ ဖြစ်သော်လည်း ဝင်ငွေနိမ့်သောသူများ၊ ဈေးကွက် စီးပွားရေးစနစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မတတ်နိုင်သူများ အတွက်လည်း သင့်လျော်သော စီးပွားရေးပေါ်လစီများ လိုအပ်လေ့ ရှိတတ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်သည် လူမှုပတ်ဝန်းကျင်တွင် မရှိမဖြစ်သောစနစ်တစ်ခုဖြစ်လာသလို၊ ယင်း၏ ဘေးထွက်ဆိုးကျိုးများကိုလည်း စီးပွားရေးပေါ်လစီများဖြင့် လိုအပ်သလို ဖာထေးပြုပြင်ပေးရလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(Economic Reforms and Economic Policy)

# စီးပွားပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေးပေါ်လစီ

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့ နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး နိုင်ငံရေး သမိုင်းကြောင်းများ၏လိုအပ်ချက်များအရ ဈေးကွက်စီးပွားရေး စနစ်ကို လက်ခံကျင့်သုံးလာနေသော်လည်း ယင်းကို ကောင်းမွန်စွာ အသုံးချနိုင်သော နိုင်ငံများမှာ မများလှပါ။ ဈေးကွက်စီးပွားရေးစနစ်သည် မျှတသော ပြိုင်ဆိုင်မှုပေါ်တွင် အခြေခံသောစနစ်ဖြစ်ပြီး၊ ဝင်ငွေနိမ့်မြင့် ကွာဟလာမှုပြဿနာကိုလည်း တစ်ပြိုင်နက်တည်း ရင်ဆိုင်ရသောကြောင့် ယင်းတို့ကို Efficiency နှင့် Equity သဘောတရားကို အခြေခံ၍ ဆောင်ရွက် နိုင်ပါသည်။

လူသားတို့သည် 'ပြိုင်ဆိုင်မှု' မရှိလျှင် 'ကြိုး စားအားထုတ်မှု' မလုပ်ကြပေ။ 'ကြိုးစားအားထုတ်မှု'မရှိလျှင် 'နည်းပညာတိုးတက်မှု' မရှိနိုင်ပေ။ တစ်နည်း အားဖြင့် သယံဇာတများနှင့်ကုန်ထုတ်အရင်းအနှီးများကို ထိရောက်စွာ အသုံးမပြုနိုင်ပေ။ သို့ဖြင့် စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်မှုသည် တုံ့ဆိုင်း သွားခြင်း (သို့) ရပ် ဆိုင်းသွားခြင်းမျိုးကိုလည်း ကြုံတွေ့ရပါသည်။ ထို့ကြောင့် ပြိုင်ဆိုင်မှုသည် စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော်လည်း၊ ၎င်းပြိုင် ဆိုင်မှုကို အနက်အဓိပ္ပာယ်ရှိရှိ အသုံးချစေနိုင်ရန် အရေးပါပါသည်။ ပြိုင်ဆိုင်မှု တွင် အရေးနိမ့်သူများ၊ ပြိုင်ဆိုင်မှုတွင် အားနည်းသူများလည်းရှိ တတ်ပေရာ၊ အောင်နိုင်သူများ (တစ်နည်းအား ဖြင့် ကြိုးစားအားထုတ်သူများ) သည် ထူးခြား





သောရလဒ်များကို ခံစားခွင့်ရနိုင်သလို၊ ရှုံးနိမ့်သူများအတွက် လည်း လိုအပ်သလို စီးပွားရေးပေါ်လစီများဖြင့် ထိန်းမ,ပေးရပါသည်။ ၎င်းသည်ကို ဝင်ငွေပြန်လည် ခွဲဝေခြင်း ပေါ်လစီ (Income Redistribution Policy)၊ တစ်နည်းအားဖြင့် Wealth Distribution Policy ဟုလည်း ခေါ်နိုင်ပါ သည်။ သို့မှသာ ထုတ်လုပ်မှု (Porduction)နှင့် စားသုံးမှု (Consumption) အကြား၊ စုဆောင်းမှု (Saving) နှင့်ရင်းနှီးမြှုပ်နှံမှု(Investment)အကြား အပြန်အလှန်အကျိုးပြု (အမှီသဟဲပြု) ပြီး စီးပွားရေးသည် ရေရှည်အောင်မြင်မှုကို ရရှိနိုင်ပါသည်။

သို့မှသာ စီးပွားရေးလည်ပတ်မှုသည် ပုံ မှန်ရှိနေပြီး အခြားသောကဏ္ဍ များဖြစ်သည့် လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး စသည်တို့သည်လည်းပဲ ပုံမှန်ရှိနေစေပါလိမ့်မည်။

Ecovision
Vol: 2 No. 14

~~~~~~~~~~~~~~~~~~



www.burmeseclassic.com
~~~~~~~~~~~~~~~~~~

www.burmeseclassic.com



ယနေ့ ကမ္ဘာပေါ်တွင် နိုင်ငံအတော်များ များသည် လိုအပ်လျှင် လိုအပ်သလို အချိန်မီ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ကြရပါသည်။ တစ်နည်း ဆိုရသော် နိုင်ငံ၏လက်ရှိစီးပွား ရေး၏အားနည်းချက်၊ အားသာချက် များနှင့် အနာဂတ်အလားအလာများကို ပြန်လည်ခွဲစိတ်သုံးသပ်ပြီး ယင်းကို ပုံသဏ္ဍာန်အသစ်များဖြင့် ပုံဖော်စေခြင်းဖြစ်ပါသည်။

နိစ္စဓူဝပြောင်းလဲလာသော လူမှုစီးပွားအ ခြေအနေများကို လက်တွေ့ ကျကျ ပြန်လည်သရုပ်ဖော်ခြင်းဟုလည်း ဆိုနိုင်ပါသည်။ ဥပမာ- မြန်မာနိုင်ငံ သည် တစ်ချိန်က ကမ္ဘာ့ပေါ်တွင် ဆန်အများဆုံးတင်ပို့သော နိုင်ငံတစ်ခုဖြစ်ပြီး ယင်းမှရရှိသောဝင်ငွေသည်- တိုင်းပြည်၏စီးပွားရေးအပေါ်တွင် များစွာ အထောက်အကူပြုခဲ့သည်။ သို့သော် အစိုးရပြည်ပပို့ကုန်ဖြစ်ခဲ့သည့် ဆန်တင်ပို့ ရောင်းချမှုသည် ၁၉၂၀ ခုနှစ်တွင် တန်ချိန် နှစ်သန်းကျော်ရှိခဲ့ရာမှ ၁၉၃၅ ခုနှစ် တွင် တန်ချိန် ၃. ၃ သန်းအထိ တိုးမြင့်ခဲ့သော်လည်း ၁၉၅၈-၅၉ ခုနှစ်တွင် ၁. ၈ သန်း၊ ၁၉၆၀ မှ ၁၉၆၅ ကာလအပိုင်းတွင်မှ ၁. ၂သန်း ခန့်၊ ၁၉၆၅-၆၆ တွင်မူ တန်ချိန် ၁. ၀၁၅ သန်း စသဖြင့် နိမ့်ဆင်းလာပြီး ၁၉၆၆-၆၇ ခုနှစ်တွင် တန်ချိန် ၀. ၄၇၉ သန်း၊ ၁၉၆၇-၆၈ ခုနှစ်တွင် တန်ချိန် ၀. ၃၄၁ သန်းအထိ ကျဆင်းသွားခဲ့ရ သည်။

ထို့ကြောင့် ဆိုလိုချင်သည်မှာ ဖြစ်ပေါ်ပြောင်းလဲလာသော စီးပွားရေး





အခြေအနေများနှင့် လိုက်လျောညီထွေရှိစေမည့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများကို အချိန်မီမလုပ်နိုင်ခဲ့သောကြောင့် စီးပွားရေးစနစ်တစ်ခုသည် ပြောင်းလဲသွားရပါသည်။ လိုအပ်သော စီးပွားရေးပေါ်လစီများကို မချမှတ်နိုင်ခဲ့ခြင်း၊ နှောင့်နှေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများသည် မိမိတို့ နိုင်ငံများ၏ ထုတ်ကုန်ပမာဏတိုးမြင့်ရေး၊ အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းရေး၊ ငွေဖောင်းပွမှု ပြဿနာဖြေရှင်းရေး၊ စက်မှုကဏ္ဍတစ်ခုစီ (သို့) ကဏ္ဍအားလုံး၏ ထုတ်လုပ်မှုစွမ်းရည်မြင့်မားရေး၊ တိုင်းပြည်ဘတ်ဂျက်ကို ပိုမိုကောင်းမွန်စေရေး၊ အခွန်အကောက်စနစ်များ ပြုပြင်ရေး၊ လူအင် အား (သို့) လုပ်သားအင်အားနည်းလာသည့် ပြဿနာကို ကြိုတင်ဖြေရှင်းရေး၊ ပတ်ဝန်းကျင်နှင့် ရေမြေတောတောင် သဘာဝထိန်းသိမ်းရေး စသည့် စသည်များပြားစွာသော နယ်ပယ်များကို စဉ်းစားကြရပြီး စီးပွားရေးပြုပြင် ပြောင်းလဲမှုများကိုလည်း ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှု (Sectoral Reform) နှင့် ကဏ္ဍအားလုံးခြုံငုံသော ပြုပြင်ပြောင်းလဲမှု (Overall Economic Reform) များကို လုပ်ကြရပါသည်။

ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် စီးပွားရေးပိုမိုတိုးတက်ကောင်းမွန်စေရန် ဖြစ်ပါသည်။ စီးပွားရေးဆုံးဖြတ်ချက်များ၊ စီးပွားရေးပေါ်လစီတိုင်းသည် Efficiency အရှိဆုံးဖြစ်ရန်နှင့် မက်ခရိုစီးပွားရေး (Macro economy) ၏



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်သော တိုးတက်မှုရှိစေရန်အတွက် (Equity) ရှိရန်လည်း လိုအပ်ပါသည်။ သို့မှသာ ကုန်ထုတ်လုပ်မှု (Pro-ductivity)လည်း တိုးမြင့်လာပြီး တည်ငြိမ်သော စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်ပါလိမ့်မည်။

လုပ်သားအင်အားနှင့် အရင်းအနှီးကို ပိုမိုသုံးစွဲခြင်း၊ နည်းပညာအသစ်များကို ထည့်သွင်းသုံးစွဲခြင်း စသည်တို့သည်လည်း စီးပွားရေးတိုးတက်မှုကို အဓိက အထောက်အကူပြုပါသည်။ ယင်းတို့ကို ဖြည့်စွက်၍ တစ်ဖန်အားဖြင့် ထပ်မံ၍ အထောက်အကူပြုသော အကြောင်းခြင်းရာများလည်း များစွာရှိပါသေးသည်။ သို့သော် အရင်းအနှီး၏အရေးပါပုံကို ဦးစွာ ဖော်ပြလိုပါသည်။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း (State Owned Enterprises : SOEs) ဖြစ်စေ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်း(သို့) ကုမ္ပဏီဖြစ်စေ၊ ကုန်ထုတ်လုပ်မှုကို လုပ်ရာတွင် Capital Stock ၊ ဥပမာ - လမ်းများ၊ တံတားများ၊ စက်ရုံများ၊ လျှပ်စစ်ဓာတ်အား၊ ဆိပ်ကမ်းများ စသဖြင့်ကို အသုံးပြုရသည်ဖြစ်ရာ ယင်းအရင်းအနှီးများ၊ အဆောက်အအုံများသည် နှစ်ပေါင်းများစွာ အသုံးပြုခြင်းနှင့်အတူ Depreciation Costs များ ရှိလာခြင်း၊ ယင်းတို့၏ ထိန်းသိမ်းစရိတ်များ ကြီးမားလာခြင်း စသည်တို့ ရှိလာပါသည်။ ထို့ကြောင့် စီးပွားရေးပညာ၏ ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်မှုပုံစံ (Investment Decision





Model) အရ ပြောရလျှင် စီးပွားရေးလုပ်ငန်းများသည် မိမိတို့ကိုယ်တိုင်၏ စုစုပေါင်းတန်ဖိုးကို အမြင့်ဆုံးရရှိစေရေးကို ရည်ရွယ်ပြီး အသင့်လျော်ဆုံးသော Capital Stock များကို သတ်မှတ်ပါသည်။ ယေဘုယျအားဖြင့် စီးပွားရေးလုပ်ငန်း၏ အသားတင် ငွေကြေးလည်ပတ်မှု (Net Cash Flows)၏ အသုံးပြုမည့်နှစ်ကာလ တစ်ခုပေါ်မူတည်၍ တန်ဖိုးလျှော့သတ်မှတ်ထားသော လက်ရှိတန်ဖိုးကို maximize လုပ်ရပြီး ယင်း၏ maximize ပြဿနာကို အောက်ပါအတိုင်း ဖော်ပြနိုင်ပါသည်။

$$\max W_0 = \int_0^{\infty} X_t e^{-rt} dt = \int_0^{\infty} [(1-\beta)\Pi(K_t) - (1-k)P_{kt} I_t + \beta(t).Dep_t]e^{-rt} dt$$

Subject to $\dot{K} = I_t - \delta K_t$

$\Pi(K_t)$ : Maximization of Real Income ([illegible])

$P_t$ : Producer Price (ထုတ်လုပ်သူဈေးနှုန်း)

$P_{kt}$ : Capital Goods Price (ရင်းနှီးကုန်ပစ္စည်းဈေးနှုန်း)

$I_t$ : Investment Amount ([illegible])

$r$ : Discount Rate ([illegible])

$K_t$ : Net Capital Stock (အသားတင် အရင်းအနှီး Stock)

$k$ : Investment Rate after Tax (အခွန်ဆောင်ပြီး ရင်းနှီးမြှုပ်နှံနှုန်း)

$\delta$ : Economically Depreciation Rate (စီးပွားရေးအရ တန်ဖိုးလျော့နှုန်း)

$Dep_t$ Depreciation Rate over Taxes ([illegible])

$\beta$ : Corporate Tax Rate ([illegible])

ဤသည်ကို -

$$W_0 = \int_0^{\infty} [(1-\beta)\Pi(K_t) - (1-k-z)P_{kt} I_t]e^{-rt} dt + A_0$$

$$A_0 = \int_0^{\infty} \beta(t)\{\int_{-\infty}^{0} D(t-s,s)P_{ks} I_s d_s\}e^{-rt} dt$$



www.burmeseclassic.com

www.burmeseclassic.com



$D(t-s,s)$ : $s$ အချိန်တွင် ရရှိခဲ့သည့် ငွေကြေးယူနစ် (တစ်ကျပ်၊ ဝေါ် လာ စသဖြင့်) ၏ အရင်းအနှီးကုန်စည်အပေါ်တွင် $s$ အချိန်က အခွန် စနစ်အောက်တွင်ရှိသည့် $t$-$s$ အချိန် ($t$-$s$ နှစ်များနောက်) တွင် ရှိမည့် Depreciated တန်ဖိုး (Depreciated Cost)

$Z$ : နောင် အနာဂတ်တွင် ရှိမည့် ရင်းနှီးမြှုပ်နှံမှု၊ ပိုင်ဆိုင်မှုပမာ ကာလ၏အနာဂတ်ကာလတွင်ရှိလာမည့် ဝိုင်း၊ Depreciated Cost များ ၏ Discount Rate ဖြစ်သည်။ ထို့ကြောင့် -

$$\max \int_0^{\infty} e^{-rt}[(1-\beta).\Pi(K_t)-(1-k-z)P_{kt}I_t]$$

$$\dot{D} = I_t - \delta K_t$$

၌တွင် Hamilton သီအိုရီကို သုံးလျှင် -

$$H = e^{-rt}[(1-\beta).\Pi(K_t)-(1-k-z)P_{kt}I_t]+\mu_t[I_t-\delta K_t]$$

$$\frac{\partial H}{\partial I_t} = -e^{-rt}(1-k-z)P_{kt}+\mu_t = 0$$

$$\dot{m} = \frac{\partial H}{\partial K_t} = -e^{-rt}(1-\beta)\frac{\partial \Pi}{\partial K_t}+\delta\mu_t$$ ကို ရရှိနိုင်ပြီး

$$\lambda_t = \mu e^{-rt}$$ နှင့် အစားထိုးလျှင်

$$\lambda_t = (1-k-z)P_{kt}$$

$$\dot{\lambda}_t = (r+\delta)\lambda_t-(1-\beta)P_t\frac{\partial \Pi}{\partial K_t}$$ ဖြစ်ပြီး

$$\left(\partial \Pi / \partial K_t\right)$$

$$\frac{\partial \Pi}{\partial K} = \frac{P_k(1-k-z)(r+d-\dot{P}_k)}{1-\beta} = P_k(r-P_1+\delta)\frac{1-k-z}{1-\beta} = P.D.T = C$$

ဟု ဖြစ်လာပြီး ယင်းကို တစ်ဖန် $\frac{\Delta C}{C} \cong \frac{\Delta P}{P}+\frac{\Delta D}{D}+\frac{\Delta T}{T}$

(သို့သော် $\tilde{D}_0 \cdot \frac{D_A}{D_0}$ ) ဟု ရပါသည်။





ထို့ကြောင့် ဤသည်မှာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများ၏ ကုန်ကျစရိတ် သဘောတရားကို အကြမ်းအားဖြင့် ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။

စီးပွားရေး Shock (Economic Shock) များဖြစ်တိုင်း စီးပွားရေးတစ်ရပ်လုံးသည် အနည်းနှင့်အများ ဆိုသလို တုန်ခါတုန်လှုပ်သွားလေ့ ရှိပါသည်။ ဥပမာ - ကမ္ဘာ့လောင်စာဈေးနှုန်းမြင့်မားလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးရိုက်ခတ်မှုများသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရိုက်ခတ်လာပြီး ဆင်းရဲသောနိုင်ငံများသည် ပိုမိုခံစားရလေ့ရှိပါသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုကျဆင်းလာလျှင် ထုတ်လုပ်မှုကျဆင်းလာပြီး ယင်းမှတစ်ဖန် ဝင်ငွေ၊ လုပ်ခလစာ၊ စုဆောင်းမှု စသည်တို့ပါ ကျဆင်းသွားစေပြီး စားသုံးမှုကိုပါ ကျဆင်းစေပါသည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုကို ထပ်မံကျဆင်းစေပြီး စီးပွားရေးတစ်ရပ်လုံးကို ကျဆင်းသွားစေတတ်ပါသည်။ စီးပွားရေးတိုးတက်မှုရှိစေရန်မှာ ကဏ္ဍတစ်ခုတည်း တိုးတက်ရန် ထက် ကဏ္ဍအားလုံးတိုးတက်စေရန်ဖြစ်ပြီး၊ သို့မှသာ အလုပ်အကိုင်အခွင့်အလမ်းများစွာကို မွေးဖွားပေးပြီး လုပ်ခလစာနှင့် စားသုံးမှု၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှု စသည်တို့ကို သဟဇာတကျအောင် ဖော်ဆောင်ပေးနိုင်မှာ အထူးအရေးပါပါသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် Capital Stock သည် စီးပွားရေးဖွံ့ဖြိုး



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ရန် လိုအပ်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအသစ် လုပ်ဆောင်တိုင်း ယင်းတို့၏လိုအပ်ချက်နှင့် ယင်းတို့အပေါ် ကျသင့်မည့် ကုန်ကျစရိတ်တို့အပေါ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရော၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ရောစဉ်းစားရန်လိုအပ်ပြီး အစိုးရပိုင်းအနေဖြင့် ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖြစ်ထွန်းစေရန် စီးပွားရေးပေါ်လစီများဖြင့် ဖော်ဆောင်ပေးရပါမည်။

*[ကျမ်းကိုး References များအနေဖြင့် ဂျပန်နိုင်ငံ၊ Ministry of Economic Planning မှ ဂျပန်ဘာသာဖြင့် ထုတ်သော Economic Research မှလည်းကောင်း၊ ဒေါက်တာဗိုလ်လေး၏ စီးပွားရေးသုတေသန (၁၉၇၁ ခုနှစ်၊ မေလ ထုတ်ဝေ)မှလည်းကောင်း အချို့ Data များကို ကောက်နုတ်ပါသည်။*

**Ecovision**
**Vol: 2 No. 17**





**(Investment and Economic Development)**

# ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိုလေ့လာကြည့်မည်ဆိုလျှင် ယင်း နိုင်ငံ၏စားသုံးမှု (Consumption)၊ စုဆောင်းမှု(Saving)နှင့် ရင်းနှီးမြှုပ်နှံမှု (Inves-tment)တို့သည် အသီးသီးအရေးပါပြီး၊ ၎င်းတို့မှ ထုတ်လုပ်မှု (Pro-duction) ကို ဖြစ်ပေါ်စေကာ၊ ယင်းမှတစ်ဆင့်၍ လူတစ်ဦးစီ၏ဝင်ငွေ (In-come per capita)ကိုလည်းကောင်း၊ တိုင်းပြည်အခွန်အကောက် ဝင်ငွေ (Rev-enues) ကိုလည်းကောင်း ဖြစ်ပေါ်စေသည်ကို တွေ့မြင်နိုင်ပါလိမ့်မည်။ တစ်နည်းဆိုသော် တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေရန် ရင်းနှီးမြှုပ်နှံမှုသည် အဓိကကျပါသည်။

ရင်းနှီးမြှုပ်နှံမှုသည် အမြတ်အစွန်းအလားအလာ (Economic Incentives) နှင့် ဈေးကွက်တည်ငြိမ်မှု (Economic Market Stability) စသည် တို့အပေါ်တွင် တည်မှီပြီး ဆုံးဖြတ်လေ့ရှိပါသည်။ ယင်းမှတစ်ဆင့်၍ ဈေးကွက်အသီးသီးသို့ သက် ရောက်မှုကိုဖြစ်စေပြီး၊ ကုန်စည်နှင့်ဝန်ဆောင်မှု လုပ်ငန်းအသီးသီး၏ ဈေးနှုန်းများကိုလည်းကောင်း၊ လုပ်ခလစာဝင်ငွေကိုလည်းကောင်း၊ ကုန်ကြမ်း ဈေးနှုန်းများကိုလည်းကောင်း ဂယက်ရိုက်ခတ်ပြီး အသစ်အသစ်သော ဈေးနှုန်း များ၊ လုပ်ခလစာများကို ဖြစ်ထွန်းစေပါလိမ့်မည်။

ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင်လည်း ပြည်တွင်း မှရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဟူ၍ ယေဘုယျအားဖြင့် နှစ်ပိုင်းခွဲခြားကြည့်မြင်နိုင်ပြီး၊ ပြည်ပမှ



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးမြှုပ်နှံမှုများကို မှန်းသလောက်မရသောအခြေအနေတွင်ရှိနေသည့်နိုင်ငံများသည်ပြည်တွင်းမှရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရန်လိုအပ်ပါသည်။ တစ်ချိန်တည်းတွင် ပြည်ပရင်း နှီးမြှုပ်နှံမှုများကိုလည်း ပိုမိုလက်ခံရရှိနိုင်ရန် အထူးအရေးပေးဆောင်ရွက်ရန် လိုအပ်ပါသည်။ (တရုတ်နိုင်ငံ၌ စီးပွားရေး တိုးတက်မှုတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများသည် အရေးပါကြောင်း၊ အထူးသဖြင့် ထုတ်လုပ်မှုကဏ္ဍတွင် လက်ခံရရှိသောပြည်ပရင်းနှီးမြှုပ်နှံမှုများက အထောက် အပံ့ပေးနေခဲ့ကြောင်းကို ယခင်က Ecovision ဂျာနယ်တွင် စာရေးသူ ဖော်ပြခဲ့ဖူးပါသည်။)

ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ၏အဆင်ပြေချောမွေ့စေရေး၊ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုမှ ရရှိမည့်အကျိုးကျေးဇူးများကို ဖော်ပြပေးရန် လိုအပ်သလို၊ အားနည်းချက်များလိုအပ်ချက်များကိုလည်း ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပြီး အားဖြည့်ပေးသွားရန် လိုအပ်ပါသည်။

တစ်နည်းဆိုရသော် စီးပွားရေးကဏ္ဍအား လုံးပေါ်တွင် တစ်နည်းမဟုတ်တစ်နည်း သက်ရောက်လာစေမည့် ရင်းနှီးမြှုပ်နှံမှုသဏ္ဌာန်ကို ဖော်ဆောင်ပေးရန်ဖြစ်ပါသည်။ နိုင်ငံတစ်ခုတွင် အစိုးရအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ (သို့) နိုင်ငံသားတိုင်း မိမိတို့တတ်နိုင်သည့် အရင်းအနှီးပမာဏဖြင့် အစုရှယ်ယာ





ဝယ်ပြီး ရင်းနှီးမြှုပ်နှံမှုများ စသည်တို့ကို ပိုမိုအားပေးအားမြှောက် ပြုပေးရန်လိုအပ်ပါသည်။ ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်းပဲ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (Development Strategy)အဖြစ် လက်ခံလာနေပါသည်။ တစ်ချိန်တည်းတွင် အစိုးရ၏ဘတ်ဂျက်လိုငွေ (Budget Deficit)သည် တိုင်းပြည် GDP၏တစ်ရာခိုင်နှုန်းအောက်တွင်သာ ထိန်းထားနိုင်ရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိလာရသည်။

ရင်းနှီးမြှုပ်နှံမှုကျလာလျှင် ကုန်ထုတ်လုပ်မှု ကျဆင်းလာပြီး၊ နိုင်ငံသားတို့၏ လုပ်ခ၊ ဝင်ငွေနှင့် အမြတ်အစွန်း စသည်တို့ပါ ကျဆင်းလာသောကြောင့် စီးပွားရေးတစ်ရပ်လုံးကို ထိခိုက်စေပါ သည်။ အရင်းအနှီးကိုရရှိရန် စုဆောင်းမှု (Saving) များ တိုးမြှင့်လာစေရန် လိုအပ်ပါသည်။ ဘဏ်အတိုးနှုန်းကိုမြှင့်ပေးရုံမျှဖြင့် Savingများ တိုးမြှင့်လာမည်ဟု ပုံသေတွက်ဆ၍မရဘဲ၊ စီးပွားရေးတစ်ရပ်လုံး၏ အားနည်းချက်များ၊ ပြဿနာများ(ဥပမာ-အလုပ်လက်မဲ့နှုန်းများပြားနေခြင်း၊ ဝင်ငွေခွဲဝေမှုမမျှတခြင်း၊ ဈေးကွက်များ၏မတည်ငြိမ်မှု၊ ကုန်ဈေးနှုန်းမြင့်မားနှုန်း မြန်ဆန်မှုစသဖြင့်)ကို ဖြေရှင်းပေးနိုင်မှသာ ဝင်ငွေမှစုဆောင်းမှု (Towards Savings From Income)၊ စုဆောင်းမှုမှရင်းနှီးမြှုပ်နှံမှု (Towards Investments From Savings )၊ ရင်းနှီးမြှုပ်နှံမှုမှ ကုန်ထုတ်လုပ်မှု (Towards Productivity From Investments) စသည့်အရေးပါသော စီးပွားရေးဖြစ်စဉ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



သဟဇာတကျအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

နိုင်ငံသားတို့၏ဝင်ငွေကောင်းမွန်လာလျှင် စုဆောင်းငွေမှာလည်း တိုးမြင့်လာပြီး ယင်းစုဆောင်းငွေကို မိမိတို့အိမ်တွင်စုဆောင်းခြင်း၊ ရွှေနှင့်အခြားသော ငွေမာများကို ဝယ်ယူစုဆောင်းခြင်းမျိုးမှ ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင် ရင်းနှီးမြှုပ်နှံနိုင်စေရန်အတွက်လည်း အများပိုင်စီးပွားရေးလုပ်ငန်းများကို ဖန်တီးပေးရန်လည်း လိုအပ်ပါလိမ့်မည်။

တစ်နည်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြင့်လာစေရန်အတွက် စီးပွားရေး တစ်ရပ်လုံးကို ပြုပြင်ပြောင်းလဲခြင်းကို လုပ်ဆောင်ပေးရခြင်းမျိုးလည်း ရှိတတ်ပါသည်။ သို့မဟုတ်ပါက Economic Shock များဖြစ်လိုက်တိုင်း ရင်းနှီးမြှုပ်နှံမှုသည်လည်းပဲ ကျဆင်းသွားနိုင်ပါသည်။

နိုင်ငံတစ်ခု၏စီးပွားရေးကို ယင်းနိုင်ငံ၏ ထုတ်လုပ်မှုစွမ်းအားဖြင့် တိုင်းတာပြီး ယင်းနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကာကွယ်ရေးစသည့် အခန်းကဏ္ဍများနှင့်လည်း ဆက်စပ်နေသည်။ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးသော စီးပွားရေးပေါ်လစီများ လိုအပ်နေပါ သေးသည်။

**Ecovision**
**Vol: 2 No. 21**

~~~~~~~~~~~~~~~~~~





**(Poverty Eradication and Economic Policy)**

# ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့် စီးပွားရေးပေါ်လစီ



www.burmeseclassic.com
~~~~~~~~~~~~~~~~~~

www.burmeseclassic.com



ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးကို ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးက အဓိက အာရုံထားကြသည်။ ဆင်းရဲမွဲတေမှုဟု ဆိုရာတွင်လည်း စားစရာ၊ ဝတ်စရာ၊ နေစရာမရှိလောက်အောင် ဆင်းရဲနွမ်းပါးသော တိုင်းပြည်များရှိသကဲ့သို့ တိုင်းပြည်က ချမ်းသာသော်လည်း ပြည်သူများ၏ စားဝတ်နေရေးမှာ မပြေလည်သော တိုင်းပြည်များလည်းရှိပါသည်။

ဆင်းရဲမွဲတေမှု တိုက်ဖျက်ရန်ဆိုလျှင်၊ ယင်းတိုင်းပြည်၏ အထွေထွေ အခြေအနေများကို သိရှိရန်လိုအပ်ပါလိမ့်မည်။ စာရေးသူအနေဖြင့် တိုင်းပြည်များ၏ အထွေထွေအခြေအ´ နေများကို အချိန်တိုအတွင်းသိရှိရန် ယင်းနိုင်ငံများ၏ဈေးများ (Various Markets) (သားငါးနှင့်အစားအသောက် ရောင်းချသောဈေးများ၊ Super Market များနှင့် Stock Share Market များ စသဖြင့်)၊ တက္ကသိုလ်များ (Universities)၊ မြို့တွင်းသွားဘတ်စ်ကားနှင့် ရထားများ ( Transportation ) နှင့် အများသုံး အိမ်သာများ (Public Toilets )များကို ဦးစွာလေ့လာကြည့်မိလေ့ရှိပါသည်။ ဈေးများကိုလေ့လာခြင်းဖြင့် ယင်းနိုင်ငံသားများ၏အကြိုက် (Pre-ferences)၊ ဝယ်လိုအား (Demand) နှင့် ဝယ်ယူနိုင်စွမ်းအား (Purchasing Power)၊ ဝင်ငွေနှင့် လုပ်ခလစာအဆင့် (Levels of Income and Wages )၊ အဓိကရောင်းကုန် (သို့) ထွက်ကုန်များ (Main Products)၊ ရောင်းလိုအားနှင့် ကုန်စည်စီးဆင်းမှု (Supply and Commodities Flows) စသည်



www.burmeseclassic.com

www.burmeseclassic.com



အချက်အလက်ပေါင်းများစွာကို လက်တွေ့ကျကျ သိရှိနိုင်ပြီး၊ Stock Share ဈေးကွက်များရှိသည့် နိုင်ငံများတွင်မူ၊ အထက်ပါ ဈေးများ (Markets) ကိုလေ့လာခြင်းအပြင် Stock Share ဈေးကွက်ကိုပါ လေ့လာခြင်းဖြင့် ယင်းနိုင်ငံ၌ မက်ခရိုစီးပွားရေး (Macro Economy) နှင့် စီးပွားရေး အတက်အကျ အခြေအနေများကိုပါပိုမိုအသေးစိတ် လေ့လာသိရှိနိုင်သောကြောင့်ဖြစ်ပါသည်။

တစ်ဆက်တည်းပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ခဲ့သော၊ ပညာရေးတွင် အဓိကကျသော တက္ကသိုလ်များကို လေ့လာခြင်းဖြင့် ယင်းနိုင်ငံ၌ အနာဂတ် ဆယ်စုနှစ်တစ်ခု၊ နှစ်ခုအကြာတွင် ပေါ်ထွန်းလာမည့် လူသားအရင်းအမြစ်များနှင့် ယင်းနိုင်ငံ၌အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု စသည်တို့ကို Simulation လုပ်နိုင်လာပါသည်။ အနောက်နိုင်ငံ တက္ကသိုလ်များနှင့် အာရှနိုင်ငံကြီး များ၏ တက္ကသိုလ်များတွင် အသိပညာပိုင်းဆိုင်ရာ အခြေခံများ (Basic (or) Fundamental Aca-demic Knowledge )များကို စနစ်တကျသင်ကြားပို့ချပေးခြင်း၊ သုတေသနလုပ်ငန်းများ (Research and Development) ကို ငွေကြေးအကုန်အကျခံခြင်းစသည်တို့တွင် အထူးအလေးထားကြပြီး၊ အနာဂတ်လူ့ဘောင် အတွက် အကျိုးဖြစ်စေရန် ရည်ရွယ်လေ့ရှိခြင်းကြောင့် ဖြစ်ပါသည်။

ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (သို့) ဆင်းရဲမွဲတေမှုကို လေ့လာရာတွင် ရှုထောင့်အမျိုးမျိုးမှ ကြည့်မြင်တတ်ရန် လိုအပ်ပါသည်။ မြို့တွင်းသွား (ခရီးသည်





နီစွဲ၍ သွားလာသည့်ယာဉ်များ)ဘတ်စ်ကားများ၊ ရထားများကို လေ့လာခြင်းဖြင့် ယင်းနိုင်ငံ၌သွားလာလှုပ်ရှားမှု အသွင်သဏ္ဌာန်၊ အလုပ်လုပ်ချိန်အတိုင်းအတာ၊ အလုပ်လုပ်ချိန်ပြင်ပချိန်အတိုင်းအတာ၊ လောင်စာ ဆီသုံးစွဲမှုအလားအလာ၊ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့လျှော့ချနိုင်မှု အခြေ အနေ၊ စသည့် အချက်အလက်များကို လေ့လာသိရှိလာနိုင်ပါသည်။

နောက်ဆုံးအနေဖြင့်၊ အများပိုင်အိမ်သာများ၏ အရေအတွက်၊ သန့်ရှင်းမှု၊ စနစ်ကျမှုစသည်တို့ကို လေ့လာရုံမျှဖြင့် စီးပွားရေးအခြေအနေသာမက၊ ယင်းနိုင်ငံသားများ၏ Behavior ၊ ကျန်းမာရေးနှင့်ပညာရေးအဆင့်အတန်း၊ လူနေမှုအဆင့်အတန်း (Standard of Living) စသည့် လူမှုစီးပွားတစ်ရပ်လုံးကို ခြုံငုံလေ့လာသုံးသပ်နိုင်ပါသည်။

စီးပွားရေးပညာရှင်ဆိုသည်မှာ စာရင်းအင်းအချက်အလက်များကို လေ့လာ သိရှိပြီးမှသာ ယင်းတို့၏လက်ရှိနှင့် အနာဂတ်လူ့ဘောင်ကို အကျိုးပြုစေနိုင်သော **Hypothesis** များ၊ သုတေသနများ (**Researches**)ကို ကောင်အထည်ဖော် နိုင်မည်ဖြစ်ပါသည်။ သီအိုရီနည်းနိဿယများ၊ လက်တွေ့ ကွင်းဆင်းလေ့လာမှု (Surveys)များ ပေါင်းစပ်ပြီး၊ တိုးတက်ကောင်းမွန်သော အဖွဲ့အစည်းကို တည်ဆောက်ရေးနှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ခြင်းတွင် ွှာအထောက် အကူပြု ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတို့၏ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုသည်မှာ ယင်းနိုင်ငံများ၏ ကံ၊ ဉာဏ်၊ ဝီရိယ၊ ပညာတို့ဖြင့် ပေါင်းစပ်ထားခြင်း၏ ပြယုဂ်ဖြစ်ပြီး၊ စည်းလုံး ညီညွတ်ခြင်း (သို့) ပြိုင်ဆိုင်မှုစသည်တို့သည် ယင်းနိုင်ငံ၏ အနာဂတ်ကို ပုံဖော် ပေးပါသည်။ နိုင်ငံသားများသည် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ် ရှိရန်လည်း လိုအပ်ပါသည်။

ဆင်းရဲမွဲတေမှုကို အသွင်သဏ္ဌာန်အမျိုးမျိုး ဖြင့် လေ့လာရှုမြင်ပြီး၊ ယင်းတို့ကို ခွဲခြမ်းစိတ်ဖြာပြီး နောက်တွင် အနာဂတ်လူ့ဘောင်တွင် ရှိစေအပ်သော လူမှုစီးပွား လူမှုအသိုင်းအဝန်း (Socio Economic Society)ကို မည်ကဲ့သို့ မျိုးစေ့ချသန္ဓေ တည်စေရန်၊ မည်ကဲ့သို့သော စီးပွားရေးပေါ်လစီများကို ရေတို၊ ရေရှည်အမြင် (Short-term and Long-term Visions)များ အခြေခံ၍ ရေးဆွဲရန်လို အပ်ပါလိမ့်မည်။

ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန် လူတစ်ဦး ချင်း၏ဝင်ငွေမြင့်မားလာစေရန်နှင့် မက်ခရိုစီးပွားရေး တစ်ခုလုံးသည် Equilibrium အခြေအနေတွင် ရှိနေစေရန် လိုအပ်ပါလိမ့်မည်။ ထိုသို့ရှိစေရန်အတွက် ပြိုင်ဆိုင်မှုရှိသော ဈေးကွက်စီးပွား ရေးစနစ်ကို ပံ့ပိုးပေးရန်လိုအပ်ပါမည်။

Ecovision
Vol: 2 No. 23

~~~~~~~~~~~~~~~~~~~~~





**(Sustainable Development, Social Capital, Market Economy & Economic Policy)**

# ရေရှည်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



၂၁ ရာစုတွင် ၂၀ ရာစုထက် လူဦးရေပိုများလာခြင်းနှင့်အတူ၊ လူတို့၏ စားဝတ်နေရေး လိုအပ်ချက်များလည်း ပိုမိုမြင့်မားလာပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံရေးမတည်ငြိမ်မှုများ (Political Unstabilities)၊ စီးပွားရေး မတည်ငြိမ်မှုများ(Economic Unstabilities) နှင့်အတူဖြစ်ပေါ်လာနေသော ဆင်းရဲကျပ်တည်းမှုများ (Poverty and Economic Hardships)၊ ငတ်မွတ်ခေါင်းပါးမှုများ (Famine)၊ ဝင်ငွေခွဲဝေမှု မညီမျှမှုများ (Income Inequality )၊ သယံဇာတများ အလဟဿဖြုန်းတီးပြီး ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုများ (World's Climate Change Caused by the Wasteful use of na-tural re-sources) စသည်တို့မှ ထပ်ဆင့်၍ အမျိုးမျိုးသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကပ်ဘေးများကို ရင်ဆိုင်လာနေရပါသည်။ ဤသည်ကို ကြိုတင်မြင်မိသော နိုင်ငံခေါင်းဆောင်များ၊ ပညာရှင်များ၏ သတိပေးမှုများဖြင့် နိုင်ငံများအကြား တွင်လည်းကောင်း၊ ဒေသတွင်းတွင် လည်းကောင်း၊ နိုင်ငံတစ်ခုတည်း အနေဖြင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင် လာရပါသည်။

ထို့ကြောင့်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင်လည်း သယံဇာတများကို ဗရမ်းဗတာသုံးစွဲခြင်း၊ စွန့်ပစ်ပစ္စည်းများကို ဗရမ်းဗတာ စွန့်ပစ်ခြင်း၊ ကုန်စည်များကို ဗရမ်းဗတာ ထုတ်လုပ်ရောင်းချခြင်းတို့ကို အခြေခံသော

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးမှ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို မထိခိုက်စေသော စီးပွားရေးစနစ်ကို ပြောင်းလဲရန် ကြိုးပမ်းလာကြသည်။ တစ်နည်းဆိုသော် "Sustainable Development (ရေရှည်ဖွံ့ဖြိုးတိုး တက်မှု)" ကို တန်ဖိုးထားလာပါသည်။ 'အနာဂတ်မျိုးဆက် လူသား' တို့အတွက် စေတနာထားပြီး 'လက်ရှိ စီးပွားရေးနှင့် လက်ရှိ လူသား မျိုးဆက်' တို့၏ လက်ဆောင်မွန်တစ်ခုဟုပင် ပြောနိုင်ပါသည်။ ဤ Sustainable Development ကို Social Objectives, Economic Objectives နှင့် Environment Objectives ဟု ရည်မှန်းချက်သုံးခုကို ဆက်စပ်ထားပြီး၊ ယင်းကို Local Level (ဒေသအဆင့်)၊ National Level (နိုင်ငံအဆင့်)နှင့် Global Level (ကမ္ဘာလုံးဆိုင်ရာအဆင့်)ဟု အဆင့်သုံးဆင့်ခွဲခြားပြီး သက်ဆိုင်ရာအလိုက် ပူးပေါင်းဆောင်ရွက်ကြပါသည်။

ဤသို့ Sustainable Development ကို အထူးအလေးထားလာရခြင်းမှာ Social Capital မြင့်မားလာခြင်းကြောင့်ဟုလည်း ပြောနိုင်ပါလိမ့်မည်။ Social Capital ကို နိုင်ငံသားများ၏ တန်ဖိုးထားမှုများ (Values)၊ စံနှုန်းများ (Norms)၊ အမြင်များ (Visions)၏ အဆင့်ဖြင့် တိုင်းတာနိုင်ပြီး၊ Social Capital မြင့်မားလာလျှင် အတ္တနှင့်ပရ တစ်နည်းအားဖြင့် မိမိအကျိုးနှင့်အများအကျိုးကို မျှမျှတတစဉ်းစားလာနိုင်ခြင်း၊ စည်းမျဉ်းများကို နားလည်တန်ဖိုးထားလာခြင်း၊ မလိုအပ်သော Rent Seeking များ၊ Profit Seekingများ





လျော့နည်းလာခြင်း၊ တစ်ဦးနှင့်တစ်ဦး အကြားအပြန်အလှန်လေးစားခြင်း (Mutual Respect)တို့ ပိုမိုမြင့်မားလာပြီး၊ လူ့ဘောင်တစ်ရပ်လုံးသည် မိမိအလုပ်ကို မိမိတန်ဖိုးထားသလို၊ သူတစ်ပါးကိုလည်း တန်ဖိုးထားနားလည်လာပါသည်။

တစ်ချိန်တည်းတွင် Market Economy (ဈေးကွက်စီးပွားရေးစနစ်) သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် တက်ကြွသော စီးပွားရေး (Active Economy)တို့ကို ဖြစ်ပေါ်စေသော အရေးပါသော အခန်းကဏ္ဍတွင် ရှိပါသည်။ သို့သော် ဈေးကွက်စီးပွားရေးစနစ်တွင်လည်း အားနည်းချက်များ၊ ပျော့ကွက်များ (Weakness) ရှိပါသည်။ ဥပမာ-ဝင်ငွေခွဲဝေမှု ပြဿနာနှင့် စီးပွားရေးပြဿနာများတို့ ဖြစ်ပါသည်။ ယင်းတို့ကို ဖြေရှင်းရန်အတွက် အစိုးရ၏ ဝင်ရောက်ကြပ်မတ်မှုများ (Government Interventions) သည်လည်း လိုအပ်သလို ဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း၊ ဈေးကွက်စီးပွားရေးကို နှောင့်နှေးသွားစေ၊ ရပ်ဆိုင်းသွားစေသော လုပ်ဆောင်ချက်များကိုမူ အထူးသတိပြုကြရမည်။

ဤသို့သော Susatainable Develoment ဖြစ်စေရန် Social Capital က ကျောထောက် နောက်ခံပြုထားသကဲ့သို့ တစ်ချိန်တည်းတွင် စီးပွားရေးဖွံ့ဖြိုးတောင့်တင်းစေရန်အတွက် ဈေးကွက်စီးပွားရေးစနစ် (Market Economic System) ကိုလည်းပိုပြင်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါလိမ့်မည်။ ယင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိစီးပွားရေးနှင့် အနာဂတ်စီးပွားရေးတို့ကို စီးပွားရေးပေါ်လစီများ (Economic Policies) ဖြင့် ထိန်းသိမ်းကွပ်ကဲပေးခြင်း၊ လမ်းညွှန်ပေးခြင်းများ လိုအပ်လာပါသည်။ မည်သို့ပင်ဆိုစေ၊ စီးပွားရေးဟူသည် နိုင်ငံတစ်ခု၏ အရေးပါသော အခန်းကဏ္ဍဖြစ်ပြီး၊ ယင်းနိုင်ငံ၏အစိုးရ (Government)၊ စီးပွားရေးလုပ်ငန်းများ (Enterprises)နှင့် မိသားစုများနှင့် လူတစ်ဦးချင်း (Households and Individuals) အားလုံးကို သက်ရောက်မှုပေးသည်မှာ မလွဲပါ။

(နိုင်ငံတာဝန်များကို ပခုံးပြောင်းတာဝန်ယူမည့်သူများ စဉ်းစားနိုင်စေရန် ရည်ရွယ်ပြီး ရေးသားပါသည်။)

'မခံချင်လျှင်ကြိုးစား' ဟူသော စကားပုံအတိုင်း၊ နိုင်ငံသားတိုင်း ကြိုးစားဖန်တီးလျှင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိမည်ဟု စာရေးသူအနေဖြင့်လည်း ယုံကြည်ပါသည်။

**Ecovision**
**Vol: 2 No. 28**

~~~~~~~~~~~~~~~~~~~



ဈေးကွက်စီးပွားရေးစနစ် ၏ စီးပွားရေးဆောင်းပါးများ

## Scarcity Efficiency and Equity and Some Economic System

## ရှားပါးမှု၊ ထိရောက်မှု၊ ညီမျှမှုနှင့် အချို့သော စီးပွားရေးစနစ်များ



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~

www.burmeseclassic.com



စီးပွားရေးပညာသည် လူမှုသိပ္ပံ (Social Science)၏ နယ်ပယ်တစ်ခု ဖြစ်သည့် အားလျော်စွာစီးပွားရေးပညာကို လေ့လာသူများသည်၊ အထူးသဖြင့် စီးပွားရေးပညာ၏ သဘောသဘာဝကို ကောင်းမွန်စွာ သိရှိရန်လိုအပ်ပါလိမ့်မည်။ စီးပွားရေး (Economy) ဟူသော စကားလုံးသည် ဂရိ(Greek) ဘာသာ ဖြင့်'အိမ်ထောင်စုတစ်ခုကို စီမံကွပ်ကဲသည်' ဟု အဓိပ္ပာယ်ရပါပြီး၊ အိမ်ထောင်စု များကို ပေါင်းစည်းစားလျှင် 'စီးပွားရေး'ဟူသော အဓိပ္ပာယ် ပိုမိုပေါ်လွင်လာသည်ကို စဉ်းစားနိုင်ပါလိမ့်မည်။

စာရေးသူသည် စီးပွားရေးပညာကို မလေ့လာနေသူတစ်ဦးအနေဖြင့် နိုင်ငံတို့၏ စီးပွားရေး အတက်အကျ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် အနိမ့်မတူညီမှု၊ နိုင်ငံတစ်ခုအတွင်းရှိ နိုင်ငံသားတို့၏ လူနေမှုဘဝနှင့် အတွေးအခေါ်အယူ အဆတို့ကွာဟမှု၊ လူတို့၏ အသက်ရှင်ရပ်တည် နေမှုအတွက် လှုပ်ရှားမှု များစသည့် များပြားလှ စွာသော ပုံရိပ်သဏ္ဌာန်များကို သိရှိနိုင်ရန်အတွက် လူသားတို့၏အပြုအမူ (Human Behaviors)များ၊ ထုတ်လုပ်သူများနှင့် စားသုံးသူများ၏ သဘောသဘာဝများနှင့် ရွေးချယ်မှုများ (concepts and Prefernces of Producers & Consumers)နှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များနှင့် အလွယ်တကူရနိုင်သော သတင်းအချက်အလက်များ (Their decisions Over Production & Consumption and available Information)၊ ဗဟုသုတများ (knowl-



www.burmeseclassic.com

www.burmeseclassic.com



edge) စသည်တို့ကိုပါ ပေါင်းစပ်လေ့လာပြီး၊ ယင်းနိုင်ငံနှင့် နိုင်ငံသားများ၏ လက်တွေ့ကျကျမည်ကဲ့သို့ ဖြေရှင်းနေသည်ကို ထပ်မံပေါင်းစပ်ပြီး၊ စဉ်းစားတွေးခေါ်ခြင်း၊ အဖြေထုတ်ခြင်းမျိုးကို စီးပွားရေးပညာ၏ သီအိုရီများ တွက်ချက်မှုများ (Calculations), Simulations and Calibrations Method များ အသုံးချလေ့ရှိပါသည်။

နိုင်ငံတစ်ခုသည် အမှန်တကယ် ချမ်းသာတိုးတက်စေရန်ရည်ရွယ်ပြီး လုပ်ဆောင်တော့ မည်ဆိုလျှင်၊ ယင်းနိုင်ငံသားအားလုံးသည်တူညီ သော ရည်ရွယ်ချက်(သို့) ခံစားချက်နှင့် ကြိုးစားအားထုတ်မှုများကို အဆင်ပြေချောမွတ်စေရန် အဘက်ဘက်မှ စေတနာထား ဆောင်ရွက်ရပါသည်။ သို့မှသာ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများ၏ စီးပွားရေးမှာလည်း ပိုမိုကောင်းမွန်တိုးတက် လာနိုင်ပြီး၊ ယင်းတို့ထံမှ အခွန်အမျိုးမျိုးကို ပိုမိုရရှိနိုင်ပါလိမ့်မည်။

စီးပွားရေးဆောင်ရွက်ချက်တိုင်း၊ ဆုံးဖြတ်ချက်အတိုင်းသည် ဝိရောဓိများ (Contradictions)များ ရှိနေတတ်ပါသည်။ ဤအချက်ကပင် စီးပွားရေးပညာကို သိပ္ပံပညာနှင့် နှိုင်းယှဉ်ပြောလျှင် ရနိုင်ပါလိမ့်မည်။ ဤဝိရောဓိများသည် အမြဲတစေ အကောင်းအဆိုး၊ ဒွန်တွဲနေလျက်လည်း ရှိတတ် ပြန်ရာ၊ ဤ အကောင်းအဆိုးကို သီအိုရီသဘော တရားအရနှင့် ယှဉ်၍သော်လည်းကောင်း၊ စီးပွားရေး မော်ဒယ်များ (Economic Models) များ တည်ဆောက်၍ သော်လည်းကောင်း ရလဒ်များကို





ခန့်မှန်းသိရှိနိုင်ပါသည်။

နိုင်ငံတိုင်းတွင် မတူညီသော လူမျိုးရေးလက္ခဏာများ၊ စရိုက်များ (National Characteristics)၊ အလေ့အထုံးစံများ (Habit)၊ ယဉ်ကျေးမှုများ (Culture)နှင့် အတွေးအခေါ်ပုံစံများ (Mindsets) ရှိသည့် အားလျော်စွာ ယင်းတို့ကို သေချာစွာလေ့လာသုံးသပ်ခြင်း၊ ပေါင်းစပ်စဉ်းစားခြင်းတို့ကိုပြုလုပ်ပြီး ယင်းအချက်များကို အခြေခံသော အခြေခံပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ပေးရပါသည်။ သို့မှသာ ပြောင်းလဲနေသော ကမ္ဘာ့အခြေအနေများ၊ ပြောင်းလဲတိုးတက်နေသော အခြားအခြားသောကဏ္ဍများနှင့်လည်း သဟဇာတကျအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် စီးပွားရေးပညာရပ်ကို လေ့လာနေသူအားလုံးသည် လည်းကောင်း၊ စီးပွားရေး ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသူ အားလုံးသည် လည်းကောင်း၊ မိမိတို့ပါဝင် ပက်သတ်နေသော ဈေးကွက်များ အကြောင်း၊ ယင်းဈေးကွက်အတွင်းရှိ ထုတ်လုပ်သူများ၊ စားသုံးသူများ၏ အကြောင်း အခြားနိုင်ငံများ၏ နည်းပညာတိုးတက်မှုနှင့် နိုင်ငံရေး၊ စီးပွားရေး ပြောင်းလဲမှုများအကြောင်းကို အချိန်နှင့် တစ်ပြေးညီ လေ့လာသိရှိထားရန် လိုအပ်ပါလိမ့်မည်။

နိုင်ငံတစ်ခုအတွင်းတွင်ပင် လူမျိုး၊ ဘာသာ ကွဲပြားသည်နှင့် ယင်းနိုင်ငံသားတို့၏ အတွေးအခေါ်၊ အယူအဆနှင့်ခံယူချက်များ ကွဲပြားလေ့ ရှိပြီး၊ ယင်းတို့၏



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ချက်များ (Performances) သည်လည်း ကွဲပြားသွားပါသည်။ ဤသည်ကို မည်သို့ပုံဖော်ပြီး၊ မည်ကဲ့သို့ ပညာ ပေးခြင်းပြုလုပ်နိုင်သည်ကို အခြေခံပြီး တိုင်းပြည် မက်ခရိုစီးပွားရေး (Macro economy) ကို တည်ငြိမ်အောင် လုပ်ဆောင်ရမည်ဆိုသည့် အချက်ကို စီမံကိန်းရေးဆွဲသည့် အဖွဲ့အစည်းများ (Policy making Bodies)က ကောင်းမွန်စွာသိရှိပြီး၊ ကျွမ်းကျင်စွာအသုံးပြုရန်လိုအပ်ပါသည်။

အထက်တွင် ရေးခဲ့သလို စီးပွားရေးပညာသည် ရှားပါးသောအရင်းအမြစ်များ (Scarce resources)၊ ကုန်ထုတ်စွမ်းအားစုများ (Factor endowments of Production)ကို မည်ကဲ့သို့ အကျိုးရှိစွာ (Efficiency) အရှိဆုံးဖြစ်အောင် ထုတ်လုပ်မည်ဆိုသည်ကို စဉ်းစားပေါင်းစပ်ထားပြီး တချိန်တည်းတွင် ယင်းနိုင်ငံ၏ နိုင်ငံသားများ အားလုံးက ပါဝင်ဆောင်ရွက်နိုင်သော စီးပွားရေးအခြေခံအချက်များနှင့် Equity လည်း ရှိရန်လိုအပ်ပါသည်။

ကမ္ဘာ့ထိပ်သီးစက်မှုအင်အားကြီး နိုင်ငံနှစ်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံကို လေ့လာကြည့်လျှင်၊ အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် လွတ်လပ်မှုနှင့် ပြိုင်ဆိုင်မှု (Freedom and Competition)တို့ အပေါ်တွင် ပိုမိုအခြေခံပြီး၊ ဂျပန်နိုင်ငံ၏စီးပွားရေးစနစ်သည် ညီညွတ်မှု၊ ပေါင်းစည်းမှု၊ အမိန့်နာခံမှုတို့နှင့် ယှဉ်သောပြိုင်ဆိုင်မှုပုံစံကို ပိုမိုအားထားအခြေခံ





သည်ကို လေ့လာတွေ့ရှိနိုင်ပါလိမ့်မည်။ ထို့ကြောင့်လည်း Competition Policy နှင့် Industrial Policy ထိုကဲ့သို့သော စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသော စီးပွားရေးပေါ်လစီများကို ကျင့်သုံးစွဲခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ဤနိုင်ငံကြီးများ၏ စီးပွားရေးစနစ်သဏ္ဌာန်နှင့် မတူညီဘဲနှင့်လည်း တိုင်းပြည်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည့် စီးပွားရေးစနစ်များလည်း ရှိပါသေးသည်။ ဥပမာ- မိသားစုစီးပွားရေးလုပ်ငန်းများ သောင်းသိန်းရှိသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကိုအခြေခံသော စီးပွားရေး ပုံစံမျိုးဖြစ်ပါသည်။ တရုတ်(တိုင်ပေ)တွင် ကျင့်သုံးသည့် စနစ်ဖြစ်ပါသည်။

အထက်တွင် ရေးသားခဲ့သလို စီးပွားရေးစနစ်ပုံစံကို မည်ကဲ့သို့သော ပုံစံမျိုးဖြင့် ဖော်ဆောင်မည်ကို ဝိရောဓိများအကြားတွင် ရှိလာပါလိမ့်မည်။ ဆိုလိုသည်မှာ အမေရိကန်နိုင်ငံမျိုးကဲ့သို့သော စီးပွားရေးစနစ်ပုံစံမျိုးကို ကျင့်သုံးရန် မဖြစ်နိုင်သော အခြေအနေသည် အမေရိကန်နိုင်ငံ၏ လူနေမှုဘဝပုံစံများနှင့် ထပ်တူထပ်မျှ ပုံးစံတူကူး၍ မရနိုင်သကဲ့သို့ ဂျပန်နိုင်ငံ၏ စီးပွားရေးစနစ်ပုံစံ (ဥပမာ- Industrial Policy)မျိုးကို ကျင့်သုံး မည်ဆိုပါက ဝန်ကြီးဌာနများအကြား ပူးပေါင်းမှု ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အနီးကပ် လမ်းညွှန်မှုများ၊ ငွေကြေးနှင့် သတင်းအချက် အလက်များ ပံ့ပိုးမှုများကို အထူးအလေးထား

www.burmeseclassic.com



ဆောင်ရွက်ရပြီး တစ်ချိန်တည်းတွင် ဘဏ်စနစ် တည်ငြိမ်စေရန်နှင့် ဘဏ္ဍာရေး အသုံးစရိတ်ကို ထိရောက်စွာ သုံးစွဲရန်လိုအပ်ပါသည်။ စီးပွားရေး တောင့်တင်းအောင် ဆောင်ရွက်လာနိုင်ခဲ့သော တရုတ်(တိုင်ပေ)နှင့် NIEs (Newly Industrialized Economics) တွင် ကျင့်သုံးခဲ့သော အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၊ မိသားစု စီးပွားရေးလုပ်ငန်းများကို အခြေခံသော စီးပွားရေး စနစ်တွင်မူ နိုင်ငံသားတို့၏ စီးပွားရေးအခွင့်အလမ်းများကို တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခြင်းဟူသော Incentive (စီးပွားရေးဆွဲဆောင်မှု) ပေါ်တွင် အခြေခံပြီးဆောင်ရွက်ရပါသည်။

မည်ကဲ့သို့ စီးပွားရေးပုံစံကို ဖော်ဆောင်သည်ဖြစ်စေ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် နိုင်ငံသားများ၏ အမှန်ဝင်ငွေ (Real Income) မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး၊ ပုဂ္ဂလိကပိုင်စီးပွားရေး လုပ်ငန်းများ (Private Owned Enterprises) နှင့် ပုဂ္ဂလိကကဏ္ဍ (Private Sector) ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပေးသော ဥပဒေများကို မြန်ဆန်တိကျစွာ ဆောင်ရွက်ပေးခြင်းများ၊ အခွန်အကောက်စနစ်ကို နိုင်ငံတော်ကဏ္ဍနှင့် တည်ဆောက်ရေး လုပ်ငန်းများတွင် အကျိုးရှိစွာ သုံးစွဲခြင်း၊ စီးပွားရေးလုပ်ငန်းများ၌ မရှိမဖြစ် လိုအပ်သောကဏ္ဍ များဖြစ်သော လျှပ်စစ်(Electricity Supply) နှင့် လူစီးနှင့် ကုန်စည်ရထားလမ်းများ ပိုမိုတိုးချဲ့ ပြေးဆွဲနိုင်ရေး စသည်တို့မှာ





အရေးပါလှပါသည်။ ယင်းအပြင် တည်ဆောက်မှုလုပ်ငန်းများတွင် မရှိမဖြစ်သော သံမဏိထုတ်လုပ်ငန်းများနှင့် ဘိလပ်မြေအစရှိသော လုပ်ငန်းများလည်း အရေးပါလှပါသည်။ လယ်ယာကဏ္ဍတွင်လည်း မိမိနိုင်ငံ၏ ရေမြေသဘာဝနှင့် ကိုက်ညီပြီး လယ်ယာထွက်သီးနှံများ ပိုမိုထွက်ရှိစေမည့် ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်းများ၊ သီးနှံ မျိုးထောင်ဖြန့်ဖြူးခြင်း၊ မျိုးစေ့များ ပြုစုခြင်းလုပ်ငန်းများ၊ စားသုံးဆီ ထုတ်လုပ်မှု၊ ITနှင့် Telephone ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ရေးစသည်တို့မှာ ဥပမာအချို့ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ဈေးကွက်စီးပွားရေး စနစ်သည် ဆိုရှယ်လစ် စီမံကိန်းချဗဟိုဦးစီးစီးပွားရေးစနစ်နှင့် မတူညီသောကြောင့် မိမိတို့ တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုကို ပိုမို အသုံးချရပြီး တစ်ချိန်တည်းတွင် မိမိတို့၏ အသိပညာနှင့် အတတ်ပညာကို နေ့စဉ်လေ့လာ သင်ယူရန်လိုအပ်လာမည် ဖြစ်ပါသည်။

Ecovision
Vol: 2 No. 29

~~~~~~~~~~~~~~~~~~



www.burmeseclassic.com
~~~~~~~~~~~~~~~~~~

www.burmeseclassic.com

[illegible]

(Agricultural Products Prices changes and Cobweb Theory)

# လယ်ယာထွက်ကုန်သီးနှံများ၏ ဈေးနှုန်းပြောင်းလဲမှုနှင့် COBWEB သီအိုရီ

ထက်ဝေယံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်လော ကမ္ဘာ့နိုင်ငံအချို့တွင် ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်များ၏ ဈေးနှုန်းမြင့်တက်လာမှုကြောင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး စသော ကဏ္ဍအသီးသီးတွင် ပြင်းပြင်းထန်ထန် သက်ရောက်နေသည်ကို တွေ့မြင်ကြရပါမည်။ စက်မှုဖွံ့ဖြိုးမှုအတော်အတန် အောင်မြင်နေသော နိုင်ငံများတွင်ပင် သက်ရောက်မှု ရှိခဲ့သည်ကို တွေ့နိုင်ပါသည်။ ယနေ့ကမ္ဘာကြီး တွင် လောင်စာဆီ မြင့်တက်လာမှု (တစ်နည်းအားဖြင့် လောင်စာဆီသုံးစွဲမှု မြင့်လာပြီး၊ လောင်စာဆီ ဝယ်လိုအားက လောင်စာဆီ ရောင်းလိုအားထက် အဆမတန် မြင့်တက်လာနေခြင်း)ဟူသော အကြောင်းရင်းနှင့်အတူ ကမ္ဘာ့ဈေးကွက် အသီးသီးတွင်လည်း ကုန်စည်နှင့် ဝန်ဆောင်မှု တို့၏ ဈေးနှုန်းများပြောင်းလဲရိုက်ခတ်ပြီး၊ တစ်ချိန်တည်းတွင် ရာသီဥတုဆိုးရွားမှု၊ ပိုးမွှားဖျက်ဆီးမှု၊ တောမီးနှင့် အက်ဆစ်မိုးများ ရွာသွန်းမှု စသည့်သဘာဝဘေးအန္တရာယ်များကြောင့်လည်း လယ်ယာထွက်ကုန်များ၏ ဈေးနှုန်းများမှာ ရုတ်ချည်းပြောင်းလဲလာနိုင်ပါသည်။

စီးပွားရေးပညာ (Economics) ဘာသာရပ်တွင် Cobweb သီအိုရီဟူ၍ ရှိပြီး၊ ယင်း သီအိုရီအရ ဈေးနှုန်းများ သည် အချို့သောဈေးကွက် အမျိုးအစားများတွင် ကာလအပိုင်းအခြားများအကြားတွင် မမျှော်လင့်သော ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသော အချက်ဖြစ်သည်ဆိုသည်ကို ရှင်းပြသော စီးပွားရေး သီအိုရီ (Economic Theory) တစ်ခုဖြစ်ပါသည်။ လယ်ယာထွက် ကုန်ဈေးကွက်များ (Agricultural Markets) များကို ဤသီအိုရီ သဘောတရားနှင့်ယှဉ်၍လည်း စဉ်းစားနိုင်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် စိုက်ပျိုးရေးထွက်ကုန်များ (Agricultural Products) များတွင် စိုက်ပျိုးချိန် (Planting Period) နှင့် ရိတ်သိမ်းချိန်ကာလ (harvesting Period)ဟူသော ကာလအပိုင်းအခြား တစ်ခုရှိလေ့ရှိသည်။ အကယ်၍ မမျှော်လင့်ဘဲ ရာသီဥတုဆိုးရွားမှုကြောင့် (သို့ မဟုတ်) တစ်ခုခုသော အခြေအနေဆိုးကြောင့် စိုက်ပျိုး ရေးထွက်ကုန်တစ်မျိုးမျိုး၏ အထွက်သည် နည်းပါးသွားသည် ဆိုပါစို့၊ ထိုအခါ ထိုလယ်သမားများသည် ဈေးကွက်တွင် မိမိတို့ရောင်းလိုအား (တစ်နည်းအားဖြင့်၊ မိမိတို့၏ ဈေးကွက်တွင် ထုတ်လုပ်ရောင်းချနိုင်စွမ်း) သည် ဝယ်လိုအားကို ပြည့်မီအောင် မရောင်းနိုင်တော့ပါ။ တစ်နည်းဆိုသော် Supply Shortage ဟု ခေါ်ပြီး၊ ထိုအခါ ဈေးကွက်၏ ရောင်းလိုအား မျဉ်းကွေး (the market's Supply Curve) သည် လက်ဝဲဘက်သို့ (to a leftward Shift) ရွေ့သွားပြီး၊ ယင်းကုန်စည်၏ ဈေးနှုန်းမှာလည်း မြင့်တက်သွားပေမည်။ ထိုအခါ လယ်သမားများသည် ဤကဲ့သို့ဈေးနှုန်းများ ဆက်လက် မြင့်မားနေဦးမည်ဟု မျှော်လင့်ပြီး၊ နောက်နှစ်တွင် ဤကုန်စည်ကို အခြားသောကောက်ပဲသီးနှံများ (သို့မဟုတ်) ကုန်စည်များထက် ပိုမိုစိုက်ပျိုးပါလိမ့်မည်။ ထိုအခါ ဤအကြိမ်တွင် ဈေးကွက်ရောင်းလိုအား အပိုအလျှံ (ရောင်းလိုအားက ဝယ်လိုအားထက် ပိုမိုနေခြင်း) ဖြစ်လာပြီး၊ ဈေးနှုန်းမှာလည်း





www.burmeseclassic.com

www.burmeseclassic.com



နိမ့်ကျပေလိမ့်မည်။ ဤကဲ့သို့ဈေးနှုန်းများ ဆက်လက်နိမ့်ကျနေလျှင် အမြတ်အစွန်း ပမာဏ မှာ နည်းပါး (သို့မဟုတ်) အရှုံးပေါ်နိုင်သဖြင့်၊ လယ်သမားများသည် ၎င်းတို့၏ ထုတ်လုပ်မှုကို နောက်နှစ်တွင် လျှော့ချထုတ်လုပ်ရန် လုပ်ဆောင်လျှင်၊ တစ်ဖန် ဈေးကွက်တွင် ဈေးနှုန်းများမြင့်တက်လာပါသည်။

ထိုသို့သော လယ်ယာထွက်ကုန်မှာ အရေးပါသော (သို့မဟုတ်) မရှိမဖြစ် နေ့စဉ်သုံး ကောက်ပဲသီးနှံမျိုး ဖြစ်ပါက၊ ယင်း၏အကျိုးသက်ရောက်မှု (သို့မဟုတ်) သက်ရောက်မှုများ၏နောက်ဆက် တွဲများကို ခန့်မှန်းကြည့်နိုင်ပါသည်။ ဥပမာ- ခရမ်းချဉ်သီး အထွက်တိုးလျှင် ခရမ်းချဉ်သီး ဈေးကျမည်။ ခရမ်းချဉ်သီး အထွက်နည်းလျှင် ဈေးတက်မည်။ ထိုအခါ အခြားသော လယ်ယာထွက်ကုန်များ၏ဈေးနှုန်းများသို့လည်း အနည်းအများ အတက်အကျဖြစ်စေပြီး၊ ယင်းသို့သော အကြောင်းရင်းများကို အခြေခံပြီး ပြည်တွင်းဈေးကွက်၊ ပို့ကုန်ဈေးကွက်များ၊ သွင်းကုန်ဈေးကွက်များဆီသို့ သက်ရောက်ပြီး၊ ယင်းမှတစ်ဖန် ဆက်လက်၍ ကုန်ကြမ်းဈေးကွက်၊ အခြားသော ကုန်စည်ဈေးကွက်များ၊ ငွေကြေးဈေးကွက်များ အထိ သက်ရောက်သွားနိုင်သည်ဆိုသည့်အချက်ကို လျှော့မစဉ်းစားသင့်ပေ။ အထူးသဖြင့် Policymaking Body ၏ သတိမူရမည့်အချက် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လယ်ယာထွက်ကုန် (Agricultural Products) များသည် အချိန်ကာလအပိုင်းအခြားများ (စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်၊ ရိတ်သိမ်းချိန်မှ





ဈေးကွက်များသို့ ရောက်ရှိချိန်) ရှိနေသောကြောင့် ဖြစ်ပါသည်။

လူတို့သည် မိမိတို့၏ အတွေ့အကြုံများ (own experiences)၊ စီးပွားရေး ဆွဲဆောင်မှုများ (Economic Incentives) နှင့် မျှော်မှန်းချက်များ (Expectations) ၊ရရှိသော သတင်းအချက်အလက်များ (available informations) ကို အခြေခံ၍ ပြုမူဆောင်ရွက်လေ့ရှိပြီး၊ မည်မျှပင် ဝဟုသုတရှိစေကာမူ ယင်း အထက်ပါအချက်များတွင် တည်မှီဆုံးဖြတ်လေ့ရှိနေတတ်သေး ပါသည်။

တိုးမြင့်လာသော လူဦးရေ၊ တိုးမြင့်လာ သော လောင်စာဆီဈေးနှုန်းနှင့် ပြောင်းလဲလာ နေသော ကမ္ဘာ့ရာ ဥတုတို့အပြင် နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှုများသည် ကမ္ဘာ့စားနပ် ရိက္ခာလိုအပ်မှုကဏ္ဍ၊ သားငါးကဏ္ဍသည် ကမ္ဘာ နှင့်အဝှမ်းကြီးမားလာနိုင် ါသည်။ ဤကဲ့သို့သော အခြေအနေမျိုးများ ဖြစ်ပေါ်လာလျှင်၊ အထက်တွင် ဖော်ပြခဲ့သော သီအိုရီကဲ့သို့ ဖြစ်လာနိုင် သောကြောင့် ကြိုတင်ပြင်ဆင်ခြင်းများ၊ လက် တွေ့ကျကျခန့်မှန်းခြင်း၊ စာရင်းအင်းကောက်ယူပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှု၊ ပိုလျှံသော တစ်စိတ် တစ်ပိုင်းကို ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းအရန်ရိက္ခာအဖြစ် သိုလှောင်ထား ရှိခြင်းတို့သည် အရေးပါပါသည်။

သို့ကြောင့် အရန်စားနပ်ရိက္ခာထားရှိမှုသည် အရန်နိုင်ငံခြားငွေထားရှိမှု၊ အရန်လောင်စာ သိုလှောင်ထားရှိမှု၊ အရန်ဆေးဝါးများထားရှိမှုစသည်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြေးညီ အရေးပါပြီး၊ မျှော်မှန်းမထားသောအခြေအနေများ (Unexpected Situation) နှင့် အရေးပေါ်ကိစ္စများ စီမံခန့်ခွဲခြင်း (Emergency Management) တို့တွင် အထောက်အကူပြုပါသည်။

Ecovision
Vol: 1 No. 30

~~~~~~~~~~~~~~~~~~



**Risk of Natural Disaster and Economic Policy (I)**

# သဘာဝဘေးအန္တရာယ်၏ Risk နှင့် စီးပွားရေးပေါ်လစီ (၁)



www.burmeseclassic.com
~~~~~~~~~~~~~~~~~~

www.burmeseclassic.com



မြန်မာနိုင်ငံတွင် မေလ ၂ရက်နှင့် ၃ရက်နေ့က တိုက်ခတ်ခဲ့သော Nargis (နာဂစ်)ဆိုင်ကလုန်းမုန်တိုင်းကြောင့် များစွာသော လူနှင့် ကျွဲနွားတိရစ္ဆာန်များ သေကြေပျက်စီးခဲ့ရပြီး၊ လယ်ယာကဏ္ဍကိုလည်း များစွာထိခိုက်ခဲ့ရသည်။ မြန်မာနိုင်ငံသားအားလုံးအတွက် ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်တစ်ခုဖြစ်ပါ သည်။ စာရေးသူသည် များစွာကြေကွဲဝမ်းနည်းခဲ့ရပါသည်။ သို့သော်ဤသို့ ကြေကွဲဝမ်းနည်းနေရုံမျှဖြင့် မပြီးသေးပဲ၊ မိမိတို့တတ်အားသရွေ့ တာဝန်ကိုယ် စီရှိကြပါသည်။

စာရေးသူသည် စီးပွားရေးပညာလေ့လာသူ တစ်ဦးအနေဖြင့် ဤကဲ့သို့ ဖြစ်ရပ်မျိုး အနာဂတ်တွင် ဖြစ်ပေါ်လာလျှင်တောင်၊ မိမိတို့နိုင်ငံ လူမျိုးတို့သည် ကြီးမားသောဘေးအန္တရာယ်၏ နောက်ဆက်တွဲများမဖြစ်စေရန် စီးပွားရေးပညာရှုထောင့်မှ စဉ်းစားကြည့်မိပါသည်။ သဘာဝဘေးအန္တရာယ်ဟူသည်မှာ ကမ္ဘာ့နိုင်ငံမရွေး၊ အချိန်မရွေး ကြုံတွေ့နိုင်သော်လည်း ဆင်းရဲသော နိုင်ငံများမှာ ဤသဘာဝဘေးအန္တရာယ်များ၏ဒဏ်နှင့် နောက်ဆက်တွဲအန္တရာယ်များကို ချမ်းသာသောနိုင်ငံများထက် ပိုမိုခံစားရသည်ဆိုသည့်အချက်ကို လေ့လာတွေ့ရှိမိပါသည်။

ဤသို့ဆိုလျှင် နိုင်ငံများ၏ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ တစ်နည်းအားဖြင့် ယင်းနိုင်ငံများ၏ ဆင်းရဲမှု ချမ်းသာမှုကို မည်သည်ကိုမူတည်ပြီး ယေဘုယျ

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ခွဲခြားနိုင်သနည်းဟုဆိုလျှင် ယင်းနိုင်ငံများ၏ ထုတ်လုပ်မှုစွမ်းအား (သို့) စုစုပေါင်းကုန်ထုတ်လုပ်မှုပမာဏ အနည်းအများပေါ်မူတည်ပြော နိုင်ပါသည်။ ဆိုလိုသည်မှာ ဆင်းရဲသောနိုင်ငံများ၏ ကုန်ထုတ်စွမ်းအား ပမာဏသည် ချမ်းသာသောနိုင်ငံများ၏ ကုန်ထုတ်စွမ်းအားပမာဏလောက် မမြင့်မားဟု အဓိပ္ပာယ်ဖွင့်နိုင်ပါသည်။ နိုင်ငံ၏သယံဇာတနည်းသည် (သို့) များသည်၊ လူဦးရေ ပမာဏနည်းသည် (သို့) များသည်ဆိုသည်ထက် ယင်းနိုင်ငံ၏ ကျင့် သုံးနေသော စီးပွားရေးပေါ်လစီများပေါ်တွင် အခြေခံ၍ ယင်းနိုင်ငံများ၏ ဆင်းရဲ(သို့) ချမ်းသာကို ဖြစ်တည်စေနိုင်ပါသည်။ ဥပမာ- ကုန်ထုတ်စွမ်းအား ပမာဏ မြင့်မားစေရန် ဗဟိုဦးစီးချုပ်ကိုင် စီးပွားရေးကို ကျင့်သုံးခြင်းထက် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရန်လိုပါသည်။ ဈေးကွက်စီးပွားရေးဟု ဆိုလျှင်လည်း ပီပြင်သော ဈေးကွက်စီးပွားရေးစနစ် ရှိရန်လိုအပ်ပြီး သို့မှသာ Scale of Economics ဟုခေါ်သော ကုန်ကျစရိတ်နည်းနည်းဖြင့် ထုတ်လုပ် နိုင်ပြီး၊ အမျိုးမျိုးသော စီးပွားရေးဆွဲဆောင်မှု (Economic Incentives) များမှတစ်ဆင့်လည်း၊ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ၊ အရင်းအနှီးများ တိုးမြင့်နိုင်လာမည်။ ထိုအရင်းအနှီးများ (Investments) သည် Capital Stocks rsm;ESifh Infrastructure များကို အရေအတွက်အရရော၊ အရည် အသွေးပါမြင့်မားလာစေပြီး၊ ကုန်ထုတ်စွမ်းအားကို ထပ်ဆင့်၍မြင့်မား





တိုးတက်စေပါလိမ့်မည်။ တစ်ချိန်တည်းတွင် ဈေးကွက်ယန္တရား၏ မတည်ငြိမ် မှုကို တိုက်ရိုက် (သို့) သွယ်ဝိုက်၍ဖြစ်စေသော လက်ဝါးကြီးအုပ် စီးပွားရေး လုပ်ငန်းများ (သို့) Monopoly စီးပွားရေးလုပ်ငန်းများကို တားဆီးခြင်း၊ ဈေးနှုန်း များကို ကန့်သတ်ထိန်းချုပ်ခြင်းကို အသုံးပြုခြင်းထက်၊ ဈေးကွက်ယန္တရားမှ တစ်ဆင့် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ဖြစ်ပေါ်စေပြီး၊ ယင်းတို့နှင့်အတူ ဖြစ်ပေါ်လာမည့် ဝယ်ယူစားသုံးခြင်း (Consumption)၊ စုဆောင်းခြင်း (Savings) ၊ ရင်းနှီးမြှုပ်နှံခြင်း (Investments)များကို ဟန်ချက် ညီညီ ဖြစ်တည်စေပါလိမ့်မည်။

နိုင်ငံတစ်ခု၏စီးပွားရေးကို Supply Side (ရောင်းလိုအားဘက်) မှသော် လည်းကောင်း၊ ဝယ်လိုအား (Demand Side) (သို့) ဝယ်ယူစားသုံးနိုင်စွမ်းအား (Purchasing Power)အနေဖြင့် လေ့လာလျှင်လည်းကောင်း၊ တိုင်းပြည်၏ စီးပွားရေးမှာ ယင်းနိုင်ငံ၏ရေရှည်အကျိုးစီးပွားနှင့် တည်ငြိမ်မှုကို ဖော်ဆောင် ပေးနိုင်ရန် အထူးလိုအပ်ကြောင်းတွေ့ရပါလိမ့်မည်။

စီးပွားရေးကို တိုက်ရိုက်(သို့) သွယ်ဝိုက်ထိခိုက်စေနိုင်သော၊ မမျှော်မှန်းထား သော အခြေအနေများ (ဥပမာ- ကမ္ဘာ့လောင်စာဆီရုတ်ချည်း မြင့်တက်လာခြင်း၊ ကမ္ဘာ့ရာသီဥတုများ ရုတ်ချည်းပြောင်းလဲလာခြင်း အခြေအနေများ) ဖြစ်လာ တိုင်း ဆင်းရဲသောနိုင်ငံများသည် ပိုမိုခံစားရလေ့ရှိပြီး၊ လက်ရှိဖွံ့ဖြိုးမှု အတိုင်း အတာကိုပင် ထိခိုက်စေပါလိမ့်မည်။ တစ်နည်းဆိုသော် Economic Shocks များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

ထို့ကြောင့် ဤသို့သောအခြေအနေမျိုးများကို ရှောင်ကွင်းရန်မလွယ်ကူစေကာမူ၊ သက်ရောက်မှုများ (Impacts) နှင့် ထိခိုက်ဆုံးရှုံးမှုများ (Damages and Losses)ကို ပိုမိုကာကွယ်နိုင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဆင်းရဲမွဲတေမှု တိုက်ဖျက်ခြင်းကို အခြေခံသော မက်ခရိုစီးပွားရေးတစ်ရပ်လုံးကို တွန်းအားပေးသောစီးပွားရေးပေါ်လစီများကို အရေးတယူထည့်သွင်းစဉ်းစားရန် လိုအပ်လာပါသည်။

အချုပ်အားဖြင့်၊ စာရေးသူအနေဖြင့် ပြီပြင်သော ဈေးကွက်စီးပွားရေးစနစ်၏သည်သာဆိုလျှင် "စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Economic Growth)"နှင့် "ဆင်းရဲမွဲတေမှု တိုက်ဖျက်ခြင်း (Poverty Eradication)" နှင့် "ဝင်ငွေပြန်လည်ခွဲဝေခြင်း (Income Redistribution)"သည် တိုင်းပြည်တစ်ပြည်၏ ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေပါလိမ့်မည်။ ထိုအခါ အထက်တွင်ဖော်ပြခဲ့သော Economic Shocks များဖြစ်လာသည့်တိုင်အောင်၊ ယင်းတို့ကို ခံနိုင်ရည်ရှိစေသော ငွေကြေးအင်အား (Money Power)၊ နည်းပညာအင်အား (Technical Power)၊ စက်ပစ္စည်းအင်အား (Material Power)စသည်တို့၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေပါလိမ့်မည်။

Ecovision
Vol: I No. 31



ယခင်အပတ်က ဘေးအန္တရာယ်များကို ဆင်းရဲသောနိုင်ငံများက ပိုမိုခံစားရကြောင်းနှင့် ဈေးကွက်စီးပွားရေးစနစ်နှင့် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်သောစီးပွားရေးပေါ်လစီများကို အခြေပြု၍ ဆင်းရဲသောနိုင်ငံများ၏ ကုန်ထုတ်စွမ်းအားပမာဏကို မြှင့်တင်ရန်လိုအပ်ပုံနှင့် ယင်းသို့ ကုန်ထုတ်စွမ်းအားပမာဏမြင့်မားလာလျှင် တိုင်းပြည်၏ လူမှုစီးပွားတစ်ရပ်လုံးကို မြင့်တင်နိုင်လာပြီး၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရလျှင်တောင်မှ ပြည်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပိုမိုမြန်ဆန်ထိရောက်လာကြောင်းကို တင်ပြရေးသားခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်များ၏ ဆိုးကျိုးများ (Bad Consequences of Natural Disasters)နှင့် Risk များကို လက်တွေ့ကြုံတွေ့မှ သိနားလည်တတ်သောကြောင့် ယင်းတို့အတွက် အားနည်းနေတတ်ပါသည်။ သဘာဝဘေးအန္တရာယ်များ မကြာခဏကြုံတွေ့ရသော နိုင်ငံများ၊ ပြင်းပြင်းထန်ထန် ထိခိုက်ဆုံးရှုံးခဲ့သော နိုင်ငံများတွင်မူ၊ အနာဂတ်ကာလများတွင်လည်း ဤကဲ့သို့ ထိခိုက်ဆုံးရှုံးမှုများ ရှိနိုင်သည်ဟူသော စိတ်ကူးပုံဖော်ခြင်း (Imagination) ကို အခြေခံသော Policy မူဝါဒများကို ချမှတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ (Business)နှင့် မိသားစုများ (House Holds)က ဘေးအန္တရာယ်များအတွက် ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုများကို ပြုလုပ်ခြင်း၊ အာမခံထားခြင်းများကို အလေးထားလာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော သဘာဝဘေးအန္တရာယ်များ မကျရောက်ခင် မည်သို့ပြင်ဆင်ရမည်၊ ကျရောက်ပြီးလျှင် မည်သို့ဆောင်ရွက်ရမည်ဆိုသည်ကို ပြည်သူများကို အသိပေးခြင်း၊ ပညာပေးခြင်းစသည်တို့ကို ဆောင်ရွက်ကြရပြီး၊ ကြီးမားသော ကြောက်ရွံ့ခြင်း (Panic) မဖြစ်စေရန် အထူးလေးထားလာကြသည်။ အထူးသဖြင့် လူဦးရေထူထပ်သော ဒေသများ (Populous Regions)၊ စီးပွားရေးအရ အရေးပါသော ဒေသများ (Economically Important Regions)တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာလျှင် ဟူသောအချက်ကို စိတ်ကူးပုံဖော်ခြင်း (Imagination) လုပ်ရန် လိုအပ်လာပါသည်။ ဥပမာ ဂျပန်နိုင်ငံ တိုကျိုမြို့သည် လူဦးရေထူထပ်သလို၊ စီးပွားရေးအရလည်း အချက်အချာကျသည့် မြို့ဖြစ်သောကြောင့် မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ရမည်၊ မည်ကဲ့သို့ စီမံဆောင်ရွက်ရမည်ဆိုသည်ကို Simulation များလုပ်၍ လေ့ကျင့်ပေးနေရပါသည်။ ထို့အပြင် လူဦးရေထူထပ်သော မြို့ကြီးပြကြီးများတွင် စုဝေးလေ့ရှိသော ပညာတတ်များ၊ (Elite များ)၊ ခေတ်မီအဆောက်အအုံများ၊ နိုင်ငံတကာဘဏ်များ၊ ကိုယ်ပိုင် ပိုင်ဆိုင်မှုများ၊ စက်ရုံ အလုပ်ရုံများစသည်တို့ ရှိလေ့ရှိသောကြောင့် ယင်းတို့၏ ဆုံးရှုံးမှုကို Sharing လုပ်ပေးနိုင်သော နိုင်ငံအနှံ့ဖြန့်ကျက်၍ ဖွံ့ဖြိုးတိုးတက်စေရန်လည်း လိုအပ်ပါသည်။

လူတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရ





# Risk of Natural Disaster and Economic Policy (II)

# သဘာဝဘေးအန္တရာယ်၏ Risk နှင့် စီးပွားရေးပေါ်လစီ (၂)



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ခြင်းအားဖြင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်ပါလိမ့်မည်။

သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်များကြုံတွေ့ရလျှင် ဖြစ်ပေါ်လာနိုင်သော **Risk** များအတွက်၊ **Risk Control** နှင့် **Risk Finance** ဟူ၍ ရှိပြီး၊ Risk Control သည် ဖြစ်ပေါ်လာမည့် Risk များကို-သေးအောင်လုပ်ခြင်း ဖြစ်ပြီး၊ Risk Finance သည်ကား ဘေးအန္တရာယ်ကျရောက်ပြီး ကာလ၏ ပျက်စီးဆုံးရှုံးမှုများကို လျင်လျင်မြန်မြန် Finance လုပ်ခြင်းဖြစ်သည်။ အာမခံ ဈေးကွက် (Insurance Market)၊ အာမခံကုမ္ပဏီ (Insurance Companies)များ ဖွံ့ဖြိုးရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် စစ်မှန်ပီပြင်သော ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံမှသာလျှင် ကုန်ထုတ်စွမ်းအားကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ပြီး၊ စီးပွားရေးစနစ်အတွင်းရှိ ဈေးကွက်များအားလုံးနှင့် ယင်းဈေးကွက်များရှိ Individual (လူတစ်ဦးစီ)နှင့် Businesses (စီးပွားရေးလုပ်ငန်းများ)၏ အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး၊ ဆင်းရဲသော နိုင်ငံများ၏ ဆင်းရဲရခြင်းအကြောင်းရင်းများ နိဂုံးချုပ်စေရန် လူတစ်ဦးစီ၏ ကုန်ထုတ်လုပ်မှုအမြတ်ကို တိုးမြှင့်လာအောင် Economic Incentives များ ပေးရန်လိုအပ်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့၏ လုပ်ခဝင်ငွေ (wage Incomes)မှ စားသုံးခြင်း (Consumptions)၊ စုဆောင်းခြင်း (Savings)၊ ရင်းနှီးမြှုပ်နှံခြင်း (Investments) စသည့် အခြေခံအချက်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ရန် လိုအပ်ပါသည်။

Ecovision
Vol: 1 No. 32

(Rehabilitation after Damages)

# ပျက်စီးသွားပြီးနောက် ပြန်လည်တည်ဆောက်ရေး

www.burmeseclassic.com

www.burmeseclassic.com



သဘာဝဘေးအန္တရာယ်များဖြစ်၍ ပျက်စီးသွားပြီးနောက်တွင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ပြုလုပ်မြဲဖြစ်သည်။ တစ်ပြိုင်တည်းတွင် ယင်းသဘာဝဘေးအန္တရာယ်များ၏ ကြီးမားပုံနှင့် ယင်းတို့၏နောက်ဆက်တွဲ အန္တရာယ်များကို အန္တရာယ်ကာလများတွင် သိရှိနိုင်ရန်နှင့် ကြိုတင်ပြင်ဆင်နိုင်ရန်တို့အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် တစ်ပြေးညီစီးပွားရေး၊ လူမှုရေး၊ သဘာဝသိပ္ပံ အစရှိသောဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းအမျိုးမျိုးကို လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။ အဆိုးထဲမှ အကောင်းကို ရယူတတ်ရန် လိုအပ်ပါသည်။ သုတေသနလုပ်ငန်းများ၊ သုတေသီများအတွက် ပကတိအခြေအနေများမှ တစ်ဆင့် လေ့လာတွေ့ရှိလာမည့် အချက်အလက်များ၊ ပုံရိပ်သဏ္ဌာန်များစွာ ရှိနေပါလိမ့်မည်။ ယင်းတို့သည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ (Rehabilitation Projects works)နှင့် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ(Precautions Prevention Project works )များ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းဆိုင်ရာများ(Eco-nomic & Social Works) ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာလုပ်ငန်းဆိုင်ရာများ (Projects on Health and Education Sectors) စသည်တို့အတွက် များစွာအသုံးဝင်ပါလိမ့်မည်။ ထို့အပြင် ဤလက်တွေ့လေ့လာတွေ့ရှိမှုများသည် ပြည်တွင်းနှင့်ပြည်ပနိုင်ငံများ၏

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များအတွက်လည်း Reference အဖြစ် အသုံးဝင်လာပါလိမ့်မည်။

ထို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် စေတနာထား၍ ဆောင်ရွက်နေကြသလို၊ တစ်ပြေးညီတစ်ချိန်တည်းတွင် သက်ဆိုင်ရာ ပညာရှင်များအဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ဘာသာရပ်အလိုက်လေ့လာ သုံးသပ် သုတေသနပြုလုပ်မှုများ၊ စာရင်းအင်းကောက်ယူမှုများကို လုပ်ဆောင်ရွက်ရန် လိုအပ်ပါမည်။ ဥပမာ- ပျက်စီးဆုံးရှုံးသွားသော လူဦးရေကို သိရှိနိုင်ရန် အသက်ရှင်ကျန်ရှိနေခဲ့သော လူများ၏စာရင်းကို ကျား/မ၊ အသက်နှင့် အဖအမည် မိမိတို့ အမိကျေးရွာ၊ မြို့အမည်၊ အိမ်ထောင်စုဝင်ဦးရေ စသည်တို့ကို Computer Databaseတွင် စခန်းအလိုက် မှတ်တမ်းတင် ကောက်ယူပြီး(ယင်းတို့၏ နာမည်များမထပ်စေရန်အတွက် မှတ်ချက်များ၊ ဒေသများ၏ ထူးခြားသော အမှတ်အသားများကိုပါ ပူးတွဲမှတ်သားပြီး) ယင်းစခန်းများ အကြားအပြန်အလှန် ဆက်သွယ်ရေးစနစ်တစ်ခုထားရှိပြီး ယင်းတို့၏ Database များကို နေ့စဉ် Compileလုပ်ခြင်း၊ up to date လုပ်ခြင်းများ ပြုလုပ်ရန် လိုအပ်ပါသည်။ ထို့အပြင် တစ်ချိန်တည်းတွင် သဘာဝ ဘေးအန္တရာယ်ကြုံတွေ့ခဲ့သူများ၏ ကိုယ်တွေ့မှတ်တမ်းများ (ဥပမာ - မည်သည့်အရပ်ဒေသ၊ မည်သည့်ရွာတွင် နေထိုင်သူဖြစ်ပြီး၊ မည်သည့်ရက်၊ နာရီတွင် ယင်းမုန်တိုင်းနှင့် စတင်ထိတွေ့





(တစ်နည်းဆိုသော် ယင်းမုန်တိုင်းစတင်ဖြတ်ကျော်)ပြီး၊ မည်သည့်(ခန့်မှန်း) အချိန်တွင် မည်သို့ပျက်စီး၊ မည်သို့အသက်ရှင် ကျန်ရှိခဲ့သည်နှင့် မည်ကဲ့သို့ ကြုံတွေ့ခဲ့ရသည် စသည့်အချက်များကို မှတ်တမ်းတင်ပြီး ယင်းတို့၏ နေရပ်ဒေသနှင့် မုန်တိုင်း၏အကွာအဝေး၊ မုန်တိုင်း၏ အရှိန်အဟုန်၊ မုန်တိုင်း၏ ဖျက်ဆီးစွမ်းအား ပမာဏစသည့်အချက်အလက်များကို လေ့လာတွေ့ရှိလာမည် ဖြစ်ပြီး၊ အားနည်းချက်များကို ပိုမိုသိသာမြင်သာလာမည် ဖြစ်သည်။

မုန်တိုင်းသင့်ပြီး နောက်ပိုင်းတွင် ပစ္စည်းများ၊ ငွေများ ပေးကမ်းလှူဒါန်းခြင်းသည် မွန်မြတ်သော လုပ်ရပ်တစ်ခု ဖြစ်သကဲ့သို့ ယင်းတို့နှင့် တစ်ပြိုင်တည်း စာရင်းအင်းအချက်အလက်များ ကောက်ယူခြင်း၊ မှတ်တမ်းတင်ခြင်း၊ လေ့လာသုံးသပ်ခြင်းစသော ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ အခန်းကဏ္ဍသည်လည်း များစွာအသုံးဝင်အရေးပါလှသည်။

ပျက်သွားလျှင် ပြင်ရမည်ဆိုသကဲ့သို့၊ မပျက်ခင်ပြင်၍ရအောင် ကြိုတင်၍ သိရှိထားရမည်ကို သိရှိထားရန်အတွက် ယခုမြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုက်ခတ်ခဲ့သော နာဂစ်(Nargis)ဆိုင် ကလုန်းမုန်တိုင်းသည် တန်ဖိုးကြီးကြီး ရင်းခဲ့ရသော သင်ခန်းစာများ၊ သုတေသနလုပ်ငန်းများ ရရှိပါလိမ့်မည်။

စီးပွားရေးပညာအနေဖြင့်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အကန့်အသတ်ဖြင့် ရှိနေသော Budget အင်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအရှိဆုံးဖြစ်စေမည့် လုပ်ငန်းများ၊ ပထမဦးစားပေးလုပ်ငန်းများ၊ ဒုတိယဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ Budget အင်အားများလာလျှင် များလာသကဲ့သို့ ပြန်လည်ထပ်မံဖြည့်စွက်ပေးရမည့် လုပ်ငန်းအစီအစဉ်များ အစရှိသဖြင့် စီမံကိန်းများရေးဆွဲရန် လိုအပ်သလို၊ မက်ခရိုစီးပွားရေးမှ တည်ငြိမ်မှု (တစ်နည်းအားဖြင့် Supply Shortages များကြောင့် ဖြစ်ပေါ်လာမည့် Inflation၊ Budgetသုံးစွဲမှု လွန်ကဲမှုမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သည့် Inflation နှင့် Fluctuationsများ) ဆင့်ကဲဆင့်ကဲ မဖြစ်ပေါ်စေရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ မူရင်းလုပ်ငန်းဆောင်တာများတွင် အမြန်ဆုံး ပြန်လည်လုပ်ကိုင်နိုင်ရန် ပံ့ပိုးပေးခြင်း၊ ပျက်စီးဆုံးရှုံးသွားသော ကျေးရွာများကို ပေါင်းစည်းတည်ဆောက်ခြင်း(ယင်းသို့ဖြင့် ပတ်ဝန်းကျင်အသစ် (New Environment) ကို ဖန်တီးပေးခြင်းဖြင့် အသစ်ပြန်လည် တည်ဆောက်ရမည့် ဆေးရုံ၊ ကျောင်း၊ အိမ်များ၊ ဆက်သွယ်ရေးစခန်းများ၏ ကုန်ကျစရိတ်မှာ သက်သာစေနိုင်သလို၊ ပတ်ဝန်းကျင်သစ်တွင် ရှိနေခြင်းအားဖြင့် ဆိုးရွားစွာခံစားခဲ့ရသော အတိတ်ပေါင်းများ၊ ဒဏ်ရာများကို မေ့ပျောက်စေရန် လွယ်ကူစေနိုင်ခြင်း)များမှာ အရေးကြီးပါလိမ့်မည်။

အရေးအကြီးဆုံးအချက်မှာ မိမိတို့ခြေပေါ် မိမိတို့ ရပ်တည်အသက်မွေးဝမ်းကျောင်းပြုနိုင်စေမည့် ပတ်ဝန်းကျင်အခြေအနေနှင့် လူနေမှုအဆင့်အတန်းကို





ပိုင်းဝန်းဖေးမကူညီကြရန်လည်း ဆက်လက်၍ လိုအပ်ပါလိမ့်မည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် ယင်းကဲ့သို့ ဘေးဆိုးများနှင့် ကြုံတွေ့ရသောအခါ အထိနာတတ်ပါသည်။ သို့သော် အတုယူသင်ခန်းစာယူမှု၊ လေ့လာသုတေသနပြုမှု၊ အနာဂတ်ကြိုတင်ပြင်ဆင်မှု ပြုလုပ်ရန် ငွေကြေးနှင့်နည်းပညာ အခက်အခဲများ ရှိနေတတ်ပါသည်။ ထို့ကြောင့် ဤသည်ကို သင်ခန်းစာယူနိုင်လျှင် အဆိုးထဲမှ အကောင်းဟု ယူဆတတ်လျှင် နောင်အနာဂတ်ကာလများတွင်-အထိမနာအောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

**တစ်ဦးတစ်ယောက်တည်းဖြင့် လုပ်၍မရနိုင်သော ကိစ္စများကို အများ၏အင်အား(ငွေကြေးအင်အား၊ အသိအတတ်ပညာအင်အား၊ လူအင်အား)ဖြင့် လုပ်ယူလျှင် လွယ်လွယ်ကူကူ အောင်မြင်နိုင်ပါသည်။**

Ecovision
Vol: 1 No. 33

~~~~~~~~~~~~~~~~~~~



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~

www.burmeseclassic.com

[illegible]

(Economic Policy and CGE Modeling)

BURMESE CLASSIC .com

# စီးပွားရေးပေါ်လစီနှင့် တွက်ထုတ်နိုင်သော အထွေထွေ မျှခြေပုံစံ

ထက်ဝေယံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးပေါ်လစီတိုင်းတွင် ရည်မှန်းချက် (သို့) ရည်ရွယ်ချက်ရှိရပြီး၊ ယင်းတို့သည် စီးပွားရေးတစ်ရပ်လုံးကို ခြုံငုံ၍လည်းကောင်း၊ စီးပွားရေးကဏ္ဍတစ်ခုစီမှုတည်၍လည်းကောင်း ရေးဆွဲလေ့ရှိပါသည်။ စီးပွားရေးပေါ်လစီကို တစ်နည်းအားဖြင့် စီးပွားရေးမူဝါဒဟူ၍လည်း ခေါ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မိမိတို့နိုင်ငံများ၌ ရင်ဆိုင်နေရသော စီးပွားရေးအခြေအနေများကို ဖြေရှင်းရန်အတွက်နှင့် ပိုမိုတည်ငြိမ်ကောင်းမွန်တိုးတက်သော စီးပွားရေးပတ်ဝန်းကျင်များကို ဖန်တီးတည်ဆောက်ပေးရန် ရည်ရွယ်ပါသည်။

CGE Models အသုံးပြု၍ စီးပွားရေးပေါ်လစီများ သရုပ်ခွဲခြင်းကို နိုင်ငံတကာအဖွဲ့အစည်းများ (International Organizations)၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund)၊ ကမ္ဘာ့ဘဏ် (World Bank)၊ ဥရောပ သမဂ္ဂအဖွဲ့ (European Union) စသည်တို့တွင်လည်း ပြုလုပ်ပြီး၊ စီးပွားရေးကဏ္ဍအလိုက်နှင့် စီးပွားရေးတစ်ရပ်လုံး၏ စီးပွားရေးပေါ်လစီများ သရုပ်ခွဲလေ့လာခြင်း (Economic Policy Analysis) အတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါသည်။ ထို့အပြင် စီးပွားရေးပေါ်လစီကို အစိုးရအဖွဲ့အစည်းများ၊ သမ္မတရွေးကောက်ပွဲများ စသည်တို့တွင်လည်း မိမိတို့၏ စီးပွားရေးပေါ်လစီကို ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်လေ့ရှိပါသည်။

၎င်းတွင် စီးပွားရေးပေါ်လစီကို အကဲဖြတ်ခြင်း (Evalution of Economic





Policy)၊ စီးပွားရေးပေါ်လစီကို ခွဲခြမ်းလေ့လာခြင်း (Analysis of Economic Policy) နှင့် အခြားအစားထိုးစီးပွားရေးပေါ်လစီမူဝါဒများ (alternative policy measures) ၏ ရလဒ်အတိုင်းအတာများကို ခန့်မှန်းတွက်ချက်ရန်အတွက် Applied General Equilibrium Models (AGE Models) (သို့) Computable General Equilibrium Models (CGE Policy) များကို သုံးကြရပါသည်။ ၎င်း CGE Models များကို ဘဏ္ဍာရေးဆိုင်ရာပေါ်လစီ (Fiscal Policy)၊ ကုန်သွယ်ရေးပေါ်လစီ (Trade Policy)၊ စီးပွားရေးကဏ္ဍများပေါ်လစီ (Economic Structure Policy)စသည့် နယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါသည်။ တစ်နည်းဆိုသော် စီးပွားရေးပေါ်လစီတစ်ခုကို သုံးသပ်ရာတွင်လည်းကောင်း၊ အပြောင်းအလဲများ ပြုလုပ်ခြင်းမှ ရရှိလာမည့် အကျိုးရလဒ်များကို သိရှိစေရန်လည်းကောင်း အသုံးဝင်ပါသည်။

BURMESE CLASSIC .com

ထို့ပြင် ဖြစ်နိုင်ခြေရှိသော စီးပွားရေးပြောင်းလဲခြင်းများ၊ လှုပ်ခါရိုက်ခတ်ခြင်းများ (Probable Consequences of possible economic shocks)၏ နောက်ဆက်တွဲများကို ခန့်မှန်းသိရှိနိုင်စေရန်လည်း အသုံးပြုပါသည်။ ဥပမာ- ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်ခြင်း (Increase in international petroleum prices)၊ ကမ္ဘာ့ဆန်ဈေးမြင့်တက်ခြင်း (Increase in the price of rice in the world market)၊ ကော်ဖီဈေးနှုန်းကျဆင်းခြင်း (Fall in the price of coffee)၊



www.burmeseclassic.com

www.burmeseclassic.com



အစိုးရ၏ အသုံးစရိတ်မြင့်မားလာခြင်း (Increase in government expenditure) ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း (Climate Changes)စသည့် များပြားလှစွာသော အခြေအနေအပြောင်းအလဲများကို တွက်ချက်ခြင်းဖြစ်ပါသည်။

ဤသို့ စီးပွားရေးပေါ်လစီများကို သုံးသပ်ခြင်း (Evaluation of Economic Policies)၊ အစားထိုး စီးပွားရေးပေါ်လစီများကို အမျိုးမျိုးပြောင်းလဲကြည့်ပြီး ခန့်မှန်းတွက်ချက်ခြင်း (Simulation of Various Changes of Economic Policies)၊ စသည့်တို့ကို CGE မော်ဒယ်တည်ဆောက်သူများ (CGE Modelers)၊ စီးပွားရေးပေါ်လစီပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ (Economic Policies Experts) နှင့် စီးပွားရေးပေါ်လစီပိုင်းဆိုင်ရာ သရုပ်ခွဲသူများ (Economic Policies Analysts) များက ပြုလုပ်ပါသည်။

စာရေးသူ၏ အဓိကဘာသာရပ်တစ်ခုဖြစ်သော ဤ CGE Model များရေးဆွဲခြင်း၊ CGE Model များကို အသုံးပြု၍ ခွဲခြားစိတ်ဖြာ လေ့လာသုတေသန ပြုလုပ်ခြင်းများကို စာရေးသူသည် တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိပါသည်။

Ecovision
Vol: 1 No. 35

**ဒေါက်တာအောင်ကိုကို**

~~~~~~~~~~~~~~~~~~~~



BURMESE CLASSIC .com

# ထက်ဝေယံ စာပေ



www.burmeseclassic.com
~~~~~~~~~~~~~~~~~~~~

www.burmeseclassic.com

## "ကျေးဇူးတင်လွှာ"

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော အခြေအနေတွင် ရှိနေသည်ကို စာရေးသူတို့ မြန်မာပြည်သူပြည်သားများ အပါအဝင် ကမ္ဘာနှင့်တဝန်း ရင်ဆိုင်နေကြရပါသည်။ ယင်းသို့ ပြောင်းလဲနေသော အရှိန်ကြောင့် ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေးစနစ်များသည်လည်း ပြောင်းလဲလာခဲ့ပါသည်။ အတွေးအခေါ် အယူအဆဟောင်းများကို ပြန်လည်သုံးသပ်ရန် အတွေးအခေါ် အယူအဆသစ်များဖြင့် ပြုပြင်အစားထိုးခြင်း၊ ဖြည့်ဆည်းပေးခြင်းများဖြင့် မိမိတို့နိုင်ငံအသီးသီး၏ အမျိုးသားအကျိုးစီးပွား (National Interest) နှင့်အမျိုးသားလုံခြုံရေး (National Security) တို့အတွက် ပိုမိုကောင်းမွန်တိုးတက်စေရန် ကြိုးပမ်းလျှက်ရှိနေပါသည်။

ထို့ကြောင့် စာရေးသူအနေဖြင့် ဈေးကွက်စီးပွားရေးစနစ် (Market Economy)နှင့် စီးပွားရေးပေါ်လစီ (Economic Policy) ကို စာဖတ်သူပရိသတ်အများစု နားလည်စေနိုင်ရန် ရည်ရွယ်ပြီး အကျဉ်းချုပ်ရေးသားထားပါသည်။

ဤသို့ ရေးသားနိုင်ရန်၊ ပညာသင်ကြားဆည်းပူးခွင့်ရရန် အဘက်ဘက်မှ သင်ကြားပေးသည့် မိဘနှစ်ပါးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့အားလည်းကောင်း၊ ဂျပန်နိုင်ငံတွင် ပညာသင်ကြားစဉ်က Prof: Moruya, Prof: Tanaka နှင့်တကွ မရေမတွက်နိုင်အောင်များပြားလှသည့် ဆရာများအားလည်းကောင်း၊ မိမိအား အထူးဂရုပြုစောင့်ရှောက်ခဲ့သည့် Mr. Nakao မိသားစုအားလည်းကောင်း၊ မိမိအား ဂျပန်ဘာသာကို စတင်သင်ကြားပေးခဲ့သော ဆရာဦးကျော်ဝင်းအားလည်းကောင်း၊ မိမိအား ဆွေမျိုးရင်းချာသဖွယ် ကူညီစောင့်ရှောက်ပေးခဲ့ သည့် ဂျပန်မိတ်ဆွေများအားလည်းကောင်း၊ အထူးကျေးဇူးတင်လျက် ဂါရဝပြု ပါသည်။ ထို့အပြင် စာအုပ်ထုတ်ဝေရေးတွင် အဘက်ဘက်မှ ကူညီပေးခဲ့သည့် ထုတ်ဝေသူ ဦးဇော်မင်းအေးနှင့်တကွ Ecovision အဖွဲ့သားများအားလုံးကိုလည်း အထူးကျေးဇူးတင်ပါသည်။

ထို့အပြင် မေတ္တာဂရုဏာဖြင့် ကူညီစောင့်ရှောက်ပေးသော မိသားစုနှင့် ပုဂ္ဂိုလ်အားလုံးတို့အားလည်းကောင်း၊ အမည်နာမတစ်ဦးစီမဖော်ပြနိုင်သော်လည်း စာရေးသူက ဂါရဝပြုပါသည်။

(စာရေးသူ)

ဒေါက်တာ အောင်ကိုကို

(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)

www.burmeseclassic.com

www.burmeseclassic.com

# ဈေးကွက်ခေတ်စီးပွားရေးစနစ်
နှင့်
# စီးပွားရေးပေါ်လစီ




## ဒေါက်တာအောင်ကိုကို
(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)

BURMESE CLASSIC .com

www.burmeseclassic.com